အသျှင်တေဇောသာရ

# ဥပုသ်သည်ကြေးမုံ



၂၄၃၇၉


ဟံသာတမြို့

သုဓမ္မာနိကာယ ရေကြည်တိုက်သစ်

**အသျှင်တေဇောသာရ**

ပြုစုစီရင်အပ်သော


V

# ဥပုသ်သည် ကြေးမုံ

[ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သိ,မှတ်နားလည်ဘွယ်ရာ ဥပုသ်သီတင်း စောင့်သုံးခြင်း၏ အကျိုးအပြစ်တို့ကို စိစစ်ဝေဘန် ပြသထားသည်။]

(မူပိုင်)


ဦးတင်အောင်-ဒေါ်ခင်နု

★

၁၃၁၁-ခုနှစ်၊ သီတင်းကျွတ်လ၊ ၁၉၄၉-ခု၊

ဓေဟ်—က

# ဥပုသ်သည်ကြေးမုံ

★

- ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၃၅၆၀)
- ရေးသားသူ-အသျှင်တေဇောသာရ၊ သုဓမ္မာနိကာယ၊ ရေကြည်တိုက်သစ်၊ ဟင်္သာတမြို့။
- ထုတ်ဝေသူ-
  ဒေါ်ခင်နု၊ (မြဲ ၀၂၄၀)
  ပညာရောင်ခြည်စာပေဌာန၊ ကိုးထပ်ကြီးဘုရား၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။
- ပုံနှိပ်သူ-
  ဦးကြီးမောင် (မြဲ ၀၂၄၀)
  ခေတ်-စာပုံနှိပ်လုပ်ငန်း၊ အမှတ် (၉၀)
  ကွမ်းရွဲတန်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။
- ရိုက်နှိပ်သည့်အကြိမ်-
  ပထမအကြိမ် (အောက်တိုဘာလ။)
- စာအုပ်ရေ (၃၀၀၀) သုံးထောင်အုပ်။
- အဘိုး တအုပ် တကျပ်၊ငါးဆယ်ပြား။

★

# မာတိကာ

●


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဆနိသဇ္ဇဒေါသခဏ်း | ၃/၆ |
| ၁ | ရှောင်ကြဉ်ရမည့်နေရာ အပြစ် ၆-ပါး | ၃ |
| ၂ | နေရာအပြစ် ၆-ပါးအကျယ် | ၄ |
| | ကန်တော့ခဏ်း | |
| ၃ | ကန်တော့ခဏ်း အဓိပ္ပါယ် | ၇ |
| ၄ | ဆုတောင်းခဏ်းမှတ်သားဘွယ် | ၉ |
| ၅ | ကပ်သုံးပါးနှင့်ပတ်သက်၍မှတ်သားဘွယ် | ၁၁ |
| ၆ | ရပ်ပြစ်ရှစ်ပါးနှင့်ပတ်သက်၍မှတ်သားဘွယ် | ၁၂ |
| ၇ | ဗျသနတရား ၅-ပါး | ၁၅ |
| ၈ | မီး ၁၁-ပါး | ၁၆ |
| ၉ | ခင်ပွန်းကြီး ၁၀-ပါး | ၁၆ |
| | သီလခဏ်း | ၁၈/၄၁ |
| ၁၀ | ငါးပါးသီလတောင်းပါဠိ | ၁၈ |
| ၁၁ | သရဏဂုံဆောက်တည်ရန် | ၁၈ |
| ၁၂ | ငါးပါးသီလဆောက်တည်ရန် | ၁၉ |
| ၁၃ | ငါးပါးသီလတောင်း အနက် | ၁၉ |

(ဃ) မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄ | နမောတဿ အနက် | ၂၀ |
| ၁၅ | သရဏဂုံ အနက် | ၂၁ |
| ၁၆ | ငါးပါးသီလ အနက် | ၂၂ |
| ၁၇ | သိက္ခာပုဒ်ကျူးလွန်ခြင်းအပြစ် | ၂၃ |
| ၁၈ | ပါဏာတိပါတ သိက္ခာပုဒ် | ၂၄ |
| ၁၉ | အဒိန္နာဒါန သိက္ခာပုဒ် | ၂၄ |
| ၂၀ | ကာမေသုမိစ္ဆာစာရသိက္ခာပုဒ် | ၂၅ |
| ၂၁ | မုသာဝါဒသိက္ခာပုဒ် | ၂၅ |
| ၂၂ | ပိသုဏဝါစာသိက္ခာပုဒ် | ၂၆ |
| ၂၃ | ဖရုသဝါစာသိက္ခာပုဒ် | ၂၇ |
| ၂၄ | သမ္ဖပ္ပလာပဝါစာသိက္ခာပုဒ် | ၂၇ |
| ၂၅ | သုရာမေရယသိက္ခာပုဒ် | ၂၈ |
| ၂၆ | ရှစ်ပါးသီလတောင်း ပါဠိ | ၂၉ |
| ၂၇ | နမောတဿနှင့် သရဏဂုံဆောက်တည်ရန် | ၂၉ |
| ၂၈ | ရှစ်ပါးသီလဆောက်တည်ရန် | ၃၀ |
| ၂၉ | ရှစ်ပါးသီလတောင်း အနက် | ၃၁ |
| ၃၀ | နမောတဿနှင့် သရဏဂုံအနက် | ၃၂ |
| ၃၁ | ရှစ်ပါးသီလတောင်းအနက် | ၃၃ |
| ၃၂ | သုရာ (သေရည်) ၅-မျိုး | ၃၄ |
| ၃၃ | မေရယ (သေရက်) ၅-မျိုး | ၃၅ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၄ | ဆယ်ပါးသီလတောင်း ပါဠိ | ၃၅ |
| ၃၅ | နမောတဿနှင့် သရဏဂုံဆောက်တည်ရန် | ၃၆ |
| ၃၆ | ဆယ်ပါးသီလဆောက်တည်ရန် | ၃၇ |
| ၃၇ | ဆယ်ပါးသီလတောင်းအနက် | ၃၈ |
| ၃၈ | နမောတဿနှင့် သရဏဂုံအနက် | ၃၉ |
| ၃၉ | ဆယ်ပါးသီလ အနက် | ၄၀ |
| ၄၀ | သီလနှင့်ပတ်သက်၍ မှတ်သားဘွယ် | ၄၂ |
| ၄၁ | သီလပေးသူရှိမှ ဥပုသ်စောင့်ကောင်းသလော | ၄၄ |
| ၄၂ | သီလစင်ကြယ်လျှင် ဆုတောင်းပြည့်ပုံ | ၄၅ |
| ၄၃ | ဥပုသ်သည်အမျိုးအစား | ၄၆ |
| ၄၄ | ဥပုသ်သုံးမျိုး | ၄၆ |
| ၄၅ | နွားကျောင်းသား ဥပုသ် | ၄၇ |
| ၄၆ | တက္ကတွန်း ဥပုသ် | ၄၈ |
| ၄၇ | အရိယာဥပုသ် | ၅၀ |
| ၄၈ | ဘုရားဂုဏ်တော် ၉-ပါး အာရုံပြုပုံ | ၅၀ |
| ၄၉ | တရားဂုဏ်တော် ၆-ပါး အာရုံပြုပုံ | ၅၃ |
| ၅၀ | သံဃာဂုဏ်တော် ၉-ပါး အာရုံပြုပုံ | ၅၆ |
| ၅၁ | ဂုဏ်တော်ဖြင့် စိတ်ကိုဖြူစင်စေနိုင်ခြင်း | ၅၇ |
| ၅၂ | သီလဖြင့် စိတ်ကိုဖြူစင်စေနိုင်ခြင်း | ၅၉ |

ဦးရေ အကြောင်းအရာ စာမျက်နှာ

၅၃ အရိယာဥပုသ်ဖြစ်လျှင် နတ်ပြည် ရောက်နိုင်ခြင်း ၇၃
၅၄ သီလဝိသုဒ္ဓိကို ပြဆိုခြင်း ၇၄
၅၅ သီလလေးမျိုး ၇၄
၅၆ ပါတိမောက္ခသံဝရသီလ ၇၄
၅၇ ဣန္ဒြိယသံဝရသီလ ၇၅
၅၈ အာဇီဝပါရိသုဒ္ဓိသီလ ၇၅
၅၉ ပစ္စယသန္နိဿိတသီလ ၇၆
၆၀ ပင္ဒိကူလသညာဖြင့် ဆင်ခြင်ပုံကိုပြခြင်း ၇၆
၆၁ စတုဓာတုဝဝတ္ထာန်ဖြင့် ဆင်ခြင်ပုံ ၇၇
၆၂ လယ်တီဆရာတော်ဘုရားကြီး၏ ဆုမ္မစာ ၇၉
၆၃ ပုတီးစိပ်နည်း ၈၁
၆၄ ဘုရားဂုဏ်တော် အာရုံပြု၍ပုတီးစိပ်ရန် ၈၁
၆၅ ဂုဏ်တော် ၂-ပါးအထူး ၈၃
၆၆ ဝိဇ္ဇာ သုံးပါး ၈၃
၆၇ ဝိဇ္ဇာ ရှစ်ပါး ၈၃
၆၈ စရဏ တဆယ့်ငါးပါး ၈၄
၆၉ တရားဂုဏ်တော်ကိုအာရုံပြု၍ ပုတီးစိပ်ရန် ၈၄
၇၀ သံဃာဂုဏ်တော်ကို အာရုံပြု၍ပုတီးစိပ်ရန် ၈၅

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၇၁ | သီလာနုဿတိ ကမ္မဋ္ဌာန်း | ၈၇ |
| ၇၂ | ကာယဂတာသတိကမ္မဋ္ဌာန်း | ၈၈ |
| ၇၃ | နှလုံးသွင်း ဆင်ခြင်ရန် မြန်မာပြန် | ၈၉ |
| ၇၄ | ဒွတ္တိံသကို ဓာတ်သဘာဝဖြင့်ခွဲ၍ဆင်ခြင်ရန် | ၉၀ |
| ၇၅ | ပထဝီဓာတ်-၂၀ | ၉၀ |
| ၇၆ | အာပေါဓာတ် ၁၂-ပါး | ၉၀ |
| ၇၇ | တေဇောဓာတ် ၄-ပါး | ၉၁ |
| ၇၈ | ဝါယောဓာတ် ၆-ပါး | ၉၁ |
| ၇၉ | အဘိဏှသုတ် | ၉၂ |
| ၈၀ | လူတိုင်းလိုက်နာရန် | ၉၅ |
| ၈၁ | နိဂုမ်း | ၉၆ |
| ၈၂ | ဆုတောင်း | ၉၆ |
| ၈၃ | အမျှဝေ | ၉၇ |
| ၈၄ | မေတ္တာပို့ | ၉၇ |
| ၈၅ | ပညာရှိသတိပြုဘွယ် | ၉၈ |

ဥပုသ်သည် ကြေးမုံ-နောက်ဆက်တွဲ

| | | |
| --- | --- | --- |
| ၈၆ | သား,သမီးကျင့်ဝတ် ၅-ပါး | ၉၉ |
| ၈၇ | မိ,ဘ ကျင့်ဝတ် ၅-ပါး | ၉၉ |
| ၈၈ | ဆရာကျင့်ဝတ် ၅-ပါး | ၁၀၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၉ | လင်ကျင့်ဝတ် ၅-ပါး | ၁၀၁ |
| ၉၀ | မယားကျင့်ဝတ် ၅-ပါး | ၁၀၁ |
| ၉၁ | မိတ်ဆွေကျင့်ဝတ် ၅-ပါး | ၁၀၂ |
| ၉၂ | အရှင်ကျင့်ဝတ် ၅-ပါး | ၁၀၂ |
| ၉၃ | အလုပ်သမားသူရင်းငှါးကျင့်ဝတ် ၅-ပါး | ၁၀၃ |
| ၉၄ | ရဟန်းကျင့်ဝတ် ၆-ပါး | ၁၀၃ |
| ၉၅ | ဒါယကာကျင့်ဝတ် ၅-ပါး | ၁၀၄ |


ဥပုသ်သည်ကြေးမုံ-မာတိကာပြီး၏။

# နိဒါန်း

●

ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါး အပေါင်း အားရှင်း၊ လောကီ, လောကုတ္တရာ အဖြာဖြာသော နည်းနာနယတို့ကို အာစရိယာ, ငါးဖြာ ကျင့်ဝတ်, မချွတ်စေရ သွန်သင် ပြသပေးတော်မူကြကုန်သော ဆရာ သမား အပေါင်းတို့ အားရှင်း၊ ဦး ထိပ်ထား၍ ဗုဒ္ဓဘာသာ သူတော်စင် အပေါင်းတို့ သိသင့်, သိထိုက်, ပြုသင့်, ပြုလုပ်ထိုက်, ရှောင်ကြဉ်သင့်, ရှောင်ကြဉ်ထိုက်သော အမှုကိစ္စ ဟူသမျှတို့ကို သိကြပါစေ၊ ပြုလုပ်နိုင်ကြပါစေ၊ ရှောင်ကြဉ်နိုင်ကြပါစေ ဟူသော ကုသလစေတနာဖြင့် ဂန္ထန္တရအဖြာဖြာမှ ရှာဖွေထုတ်နုတ်၍—

ဥပုသ်သည်-ကြေးမုံ ဟူသော ဤစာအုပ်ကို ရေးသား ထုတ်ဝေ လိုက်ရပါသတည်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဆနိသဇ္ဇဒေါသခဏ်း

ကေမန္တံ နိသီဒိ

အပြစ် ခြောက်ပါး ကင်း၍ သင့်တင့် လျောက်ပတ်သော နေရာအရပ်၌ နေရ ထိုင်ရမည်။

ဗုဒ္ဓဘာသာ သူတော်စင် အပေါင်းတို့သည် ဘုရားရှိခိုးသောအခါ၊ တရားနာယူသောအခါ၊ ကျောင်း, ကန်, ဘုရားသို့သွား၍ သံဃာတော်အရှင်မြတ်များကို ဖူးမျှော်ကန်တော့သောအခါ၊ ဤဆိုအပ်ခဲ့ပြီးသော အခါများဝယ် အပြစ်ခြောက်ပါး ကင်း၍ သင့်လျော် လျောက်ပတ်သော နေရာအရပ်၌ နေထိုင်ခါ ဖူးမျှော် ကန်တော့ကြရပေမည်။

## ဆနိသဇ္ဇဒေါသ သင်္ခေပ

ဗုဒ္ဓဘာသာသူတော်စင်များ ရှောင်ကြဉ်ရမည့်နေရာ
အပြစ် ခြောက်ပါး အကျဉ်း

(၁) အတိဒူရ — အလွန်ဝေးလွန်းသောအရပ်။
(၂) အစ္စာသန္န — အလွန်နီးကပ်လွန်းသောအရပ်။
(၃) ဥပရိဝါတ— လေညာ(လေတင်)အရပ်။

(၄) ဥန္နတပ္ပဒေသ—မြင့်သောနေရာအရပ်။
(၅) အတိသမ္မုခ – ရှေ့တူရူ (ရှေ့တည့်တည့်)အရပ်။
(၆) အတိပစ္ဆာ – နောက်တူရူ (နောက် တည့် တည့်) အရပ်။

## ဆန္နိသဇ္ဇဒေါသ ဝိဇ္ဇာရ

### နေရာ အပြစ် ခြောက်ပါး အကျယ်

အတိဒူရေ နိသိန္နောဟိ သစေ ကထေတု ကာမော ဟောတိ။ ဥစ္စာသဒ္ဒေန ကထေတဗ္ဗံ ဟောတိ။

အလွန်ဝေးသောအရပ်၌ နေသောသူသည် အကယ်၍ စကားပြောဆိုလိုသည်ဖြစ်အံ့၊(လျှောက်ထားလိုသည်ဖြစ်အံ့) မြင့်သောအသံ (ကျယ်လောင်သောအသံ) ဖြင့် ပြောဆိုလျှောက်ထားရသောကြောင့် အလွန်ဝေးသောထိုအရပ်သည် မနေ အပ်သော နေရာ အရပ် အပြစ်တပါး။

အစ္စာသန္နေ နိသိန္နော သဃဋ္ဋနံ ကရောတိ။

အလွန်နီးကပ်သောအရပ်၌ နေသော သူသည် တိုးဝှေ့ ထိပါးခြင်းကို ပြု၍ နေရသောကြောင့် အလွန် နီးကပ်သော ထိုအရပ်သည် မနေအပ်သော နေရာ အရပ်တပါး။

ဥပရိဝါတေ နိသိန္နော သရီရဂန္ဓေန ဗာဓတိ။

လေညာ, လေတင် အရပ်၌ နေသောသူသည် ကိုယ်အနံ့ဖြင့် နှိပ်စက်တတ်သောကြောင့် (မိမိကိုယ်အနံ့ဖြင့်-

သူတပါးကို နှိပ်စက်တတ်သောကြောင့်) ထို လေညာ, လေတင် အရပ်သည် မနေအပ်သော နေရာအရပ် အပြစ် တပါး။

ဥန္နတပ္ပဒေသေ နိသိန္နော အဂါရဝံ ပကာသေတိ။

မြင့်သောအရပ်၌ နေသောသူသည် အဂါရဝ မရှိသေ မလေးစားမှုကို ပြတတ်သောကြောင့် မြင့်မြတ်သော ထိုနေရာအရပ်သည် မနေအပ်သော နေရာအရပ် အပြစ်တပါး။

အတိသမ္မုခါ နိသိန္နော သစေ ဒဋ္ဌုကာမော ဟောတိ။

စက္ခုနာ စက္ခုံ အာဟစ္စ ဒဋ္ဌဗ္ဗံ ဟောတိ။

ရှေ့တူရူ ရှေ့ဘည့်တည့် အရပ်၌ နေသော သူသည် အကယ်၍ ကြည့်ရှုလိုပါက မျက်စိချင်းဆိုင်၍ ကြည့်ရှုရသောကြောင့် ရှေ့တူရူ ရှေ့တည့်တည့် ဖြစ်သော ထို အရပ်သည် မနေအပ် မနေထိုက်သော နေရာ အပြစ် တပါး။

အတိပစ္ဆာ နိသိန္နော သစေ ဒဋ္ဌုကာမော ဟောတိ။

ဂီဝံ ပသာရေတွာ ဒဋ္ဌဗ္ဗံ ဟောတိ။

နောက်တူရူ အနောက် တည့်တည့်အရပ်၌ နေသော သူသည် အကယ်၍ ကြည့်ရှုလိုပါက လည်ပင်းကိုဆန့်၍ (လည်ပင်းကို နောက်ပြန်လှည့်ကာ) ကြည့်ရှုရသောကြောင့် နောက် တည့်တည့် ဖြစ်သော ထိုအရပ်သည် မနေအပ် မနေထိုက်သော နေရာအရပ် အပြစ်တပါး။

ဗုဒ္ဓဘာသာ သူတော်စင် အပေါင်းတို့သည် မနေ့ အပ်,မနေ့ထိုက်,မနေ့ကောင်းသော အပြစ်ရှိသော နေရာ အရပ်ခြောက်ပါးကို ဖေါ်ပြသဖြင့် သိရပါက၊ နေအပ်, နေ့သင့်,နေ့ထိုက်သော သင့်တင့် လျှောက်ပတ် အပြစ် ကင်းသောနေရာအရပ်ကို ဉာဏ်ဖြင့်သက်ဝင် ဆင်ခြင်၍ နေထိုင်ကြလေကုန်။

[ဝိနယပိဋက,ပါရာဇိကပါဠိတော်,အဋ္ဌကထာ]
ဆနိသဇ္ဇ ဒေါသခဏ်း ပြီး၏။

---

## ကန်တော့ခဏ်း

ဩကာသ- ဩကာသ- ဩကာသ- ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသောအပြစ်တို့ကို ပျောက် ပါစေခြင်းအကျိုးငှါ ပထမ - ဒုတိယ - တတိယ တကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရား ရတနာ သံဃာရတနာ ရတနာ မြတ်သုံးပါးတို့ကို အရို အသေ အလေး အမြတ် လက် အုပ် မိုး၍ ရှိခိုး ပူ ဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ပါ၏အရှင်ဘုရား။

## ဆုတောင်း

ဤသို့ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ရ သော ကုသိုလ်ကံစေတနာတို့ကြောင့်၊အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုးငါးပါး, ဝိပ္ပတ္တိ တရားလေးပါး, ဗျသနတရား ငါးပါးတို့မှ အခါခပ် သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန် ချမ်းသာ တရားတော်မြတ်ကို ရ-ရပါလို၏ အရှင် ဘုရား။

## ကန်တော့ခဏ်းအစိပ္ပါယ်

"ဩကာသ"ဟူသည်ကန်တော့ဘို့ရန်အခွင့်တောင်းခြင်းကို ဆိုလိုသည်။

"ကာယကံ" ဟူသည် ကာယဒွါရေပဝတ္တံ ကာယကမ္မံ ဟူသော ဝစနတ္ထနှင့်အညီ ကာယဒွါရ၌ ဖြစ်သော မကောင်းသော အကုသိုလ်ကံကို ဆိုလိုသည်။

"ဝစီကံ" ဟူသည် ဝစီဒွါရေ ပဝတ္တံ ဝစီကမ္မံ ဟူသော ဝစနတ္ထနှင့်အညီ ဝစီဒွါရ၌ဖြစ်သော မကောင်းသောအကုသိုလ်ကံကို ဆိုလိုသည်။

"မနောကံ"ဟူသည် မနောဒွါရေ ပဝတ္တံမနောကမ္မံ ဟူသောဝစနတ္ထနှင့်အညီမနောဒွါ၌ဖြစ်သောမကောင်းသော အကုသိုလ်ကံကိုဆိုလိုသည်။

[ကာယဒွါရ,ဟူသည် ကိုယ်အမူအရာကိုဆိုလိုသည်။ ဝစီဒွါရ, ဟူသည် နှုတ်အမူအရာကိုဆိုလိုသည်။ မနောဒွါရ,ဟူသည်၊ စိတ်ကိုဆိုလိုသည်။]

မှတ်ချက်။ ကာယဒွါရ,ဝစီဒွါရနှစ်ပါးသည် ရုပ်တရားများဖြစ်ကြ၍ အမူအရာ ထင်ရှားပေသည်။ နောက်ဆုံး ဖြစ်သော မနောဒွါရမှာ နာမ်တရားဖြစ်၍ အမူအရာ မထင်ရှားပေ။ အထူးမှတ်သားပါလေ။

"သဗ္ဗဒေါသ ခပ်သိမ်းသောအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှါ"ဟူသည် ကာယကံ,ဝစီကံ,မနောကံတို့ဖြင့် လွန်ကျူးပြစ်မှားမိသော အပြစ်ခပ်သိမ်း ပျောက်ကင်းခြင်းကိုဆိုလိုသည်။

"ပထမ,ဒုတိယ,တတိယ"ဟူသည် ဖေါ်ပြပြီး အပြစ် အားလုံး ငြိမ်းအေး ကင်းပျောက်အောင် တကြိမ်သာ မက သုံးကြိမ် မြောက်အောင် (သုံးကြိမ် တိုင်အောင်) ဘုရား,တရား,သံဃာ ရတနာမြတ် သုံးပါး အပေါင်းကို ရိုရိုသေသေ လေးလေးစားစား ရှိခိုးခြင်းကို ဆိုလိုသည်။

"ရတနာ" ဟူသည် ရတနန္တိ ရတိံ နယတိ ဝဟတိ ဇနယတိ ဝဍ္ဎေတီတိ ရတနံ။ (ခုဒ္ဒကပါဌ အဋ္ဌကထာနှင့် သုတ္တနိပါတ် အဋ္ဌကထာ ၂-စောင်။)

ရတနန္တိ,ရတနာဟူသည်ကား။ ရတိံ၊ နှစ်သက်ခြင်း ကို။ နယတိ ဝဟတိ ဇနယတိ ဝဍ္ဎေတိ၊ ဆောင်ရွက် ဖြစ်စေ တိုးပွားစေတတ်၏။ ဣတိ၊ ထို့ကြောင့်။ ရတနံ၊ ရတနာမည်၏။

နှစ်သက် ခြင်းကို ဆောင်ရွက်စေ တိုးပွားစေ တတ် သောကြောင့် ရတနာမည်၏ဟု ဆိုလိုသည်။

ဗုဒ္ဓေါဝ ရတနံ (ဂုင်းအဋ္ဌကထာနှစ်စောင်)။

ဗုဒ္ဓေါဝ၊ ဘုရားသာလျှင်။ ရတနံ၊ ရတနာ မည်၏။

(ဗုဒ္ဓနှင့်ရတန အရတူ၊ ကမ္မဓာရယ်သမာသ်ဖြစ်သည်။)

ထို့ကြောင့်-

၁။ ဘုရားရတနာ၌ ရတနာဟူသည် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားပင်တည်း။

၂။ တရားရတနာ၌ ရတနာဟူသည် ပရိယတ္တိ နှင့် တကွ လောကုတ္တရာ တရား ကိုးပါးတည်း။ (ဓမ္မောဝ ရတနံ)

၃။ သံဃာရတနာ၌ ရတနာဟူသည် ကလျာဏ ပုထုဇဉ်သံဃာနှင့်တကွ အရိယာသံဃာတော်ရှစ်ယောက် တည်း။(သံဃော ၀ ရတနံ)

ဤတွင် ကန်တော့ခဏ်းမှတ်သားဘွယ် အဓိပ္ပါယ်ပြီး၏။

## ဆုတောင်းခဏ်း မှတ်သားဘွယ်

"အပါယ်လေးပါး"ဟူသည် ငရဲ, တိရစ္ဆာန်,ပြိတ္တာ, အသူရကာယ်အားဖြင့် လေးပါးကိုဆိုလိုသည်။

"ငရဲ"ဟူသည် - အယတော သုခတော နိဂ္ဂတောတိ နိရယော ဟူသော ၀စနတ္ထနှင့်အညီ၊ ချမ်းသာမှ ထွက် မြောက်တတ် ကင်းတတ်သောကြောင့် ငရဲမည်၏။

အယတော သုခတော၊ ချမ်း သာ မှ။ နိဂ္ဂတော၊ ထွက်မြောက်၏။ ၀ါ၊ ကင်း၏။ ဣတိ၊ ထိုကြောင့်။ နိရယော၊ ငရဲမည်၏။

"တိရစ္ဆာန်"ဟူသည်-တိရန္တိ အဓောဘာဂေန ဂစ္ဆန္တီ တိ တိရစ္ဆာနာဟူသော၀စနတ္ထနှင့်အညီ အထက်လူ့ပြည်, နတ်ရပ် ကောင်းမြတ်သော သုဂတိ ဘုံဌာနသို့ မကပ်၊ အပါယ်လေးထပ် အဘို့အားဖြင့် သွားလာ တတ်သော ကြောင့် တိရစ္ဆာန်မည်၏ ဟူလို။

(တနည်း) တိရော အဥ္ဆိတာတိ တိရစ္ဆာနာဟူသော ၀စနတ္ထနှင့်အညီ၊ မင်္ဂဖိုလ်မှ ဖီလာအားဖြင့် သွားတတ် သောကြောင့် တိရစ္ဆာန်မည်၏ဟူလို။

ယေ၊ အကြင် သတ္တ၀ါတို့သည်။ အဓောဘာဂေန၊ အထက် လူ့ပြည်,နတ်ပြည် သို့မကပ် အပါယ် လေးထပ်

အဘိုအားဖြင့်။ တိရန္တိ ဂစ္ဆန္တိ၊ သွားလာ တတ် ကုန်၏။ ဣတိ၊ ထိုကြောင့်။ တိရစ္ဆာနာ၊ တိရစ္ဆာန်မည်ကုန်၏။

(တနည်း) တိရော၊ မဂ်ဖိုလ် မကပ် ထောင့်ဖြတ် ဖီလာ။ အဥ္ဆိတာ၊ သွားတတ်ကုန်၏။ ဣတိ၊ ထိုကြောင့်။ တိရစ္ဆာနာ၊ တိရစ္ဆာန်မည်ကုန်၏။

"ပြိတ္တာ"ဟူသည် သုခတော ပကဋ္ဌေန ဣတာဂတာ ပဝတ္တာတိ ပေတာဟူသောဝစနတ္ထနှင့် အညီ၊ချမ်းသာမှ ဝေးကွာသောအားဖြင့် ဖြစ်တတ်သောကြောင့် ပြိတ္တာမည်၏ဟူလို။

ယေသတ္တာ၊ အကြင်သတ္တဝါတို့သည်။ သုခတော၊ ချမ်းသာမှ။ ပကဋ္ဌေန၊ဝေးသောအားဖြင့်။ဣတာဂတာ ပဝတ္တာ၊ဖြစ်တတ်ကုန်၏။ ဣတိ၊ထိုကြောင့်။တေသတ္တာ၊ ထိုသတ္တဝါတို့သည်။ ပေတာ၊ ပြိတ္တာမည်ကုန်၏။ (ပိတ္တာမည်ကုန်၏။)

"အသူရကာယ်" ဟူသည် နသုရန္တိ ဣဿရိယကီဠာဒီဟိ နဒိဗ္ဗန္တီတိ အသူရာဟူသောဝစနတ္ထနှင့်အညီ၊အစိုးရခြင်း, မြူးထူး ပျော်ပါး ကစားခြင်း အစရှိသည် တို့ဖြင့် မထွန်းပ မမြူးရွှင် မအောင်မြင် နိုင် ကြ သော ကြောင့် အသူရကာယ်မည်၏ ဟူလို။

ဣဿရိယ ကီဠာဒီဟိ၊ အစိုးရခြင်း, မြူးထူးပျော်ပါး ကစားခြင်း အစရှိသည်တို့ဖြင့်။ နသုရန္တိ နဒိဗ္ဗန္တိ၊မထွန်းပ မမြူးရွှင် မအောင်မြင်နိုင်ကုန်။ ဣတိ၊ထိုကြောင့်။ အသုရာ၊ အသူရကာယ်မည်ကုန်၏။ ပေတာသုရာ၊ ပြိတ္တာမျိုး အသူရကာယ်တို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

“အပါယ၊အပါယ်” ဟူသည် ပုညသမ္မတာ အယာ ယေဘုယျေန အပဂတောတိ အပါယော ဟူသော ဒွိကာပါဠိ မိန့်မှာအပ်သည်နှင့်အညီ၊ ကုသိုလ်ကောင်းမှု၏ ပြည့်စုံခြင်းမှ ကင်းကွာတတ်သောကြောင့် အပါယ် မည်၏ဟူလို။

ယောပဒေသော၊ အကြွင်အရပ်သည်။ ပုညသမ္မတာ၊ ကောင်းမှုဟုဆိုအပ်သော။ ဝါ၊ ဘုန်းကံဟုဆိုအပ်သော။ အယာ၊ ပြည့်စုံခြင်းမှ။ ဝါ၊ ကောင်းမှုမှ၊ ယေဘုယျေန၊ များသောအားဖြင့်။ အပဂတော၊ ကင်းသည်တည်း။ ဣတိ၊ ထိုကြောင့်။ သောပဒေသော၊ ထိုအရပ်သည်။ အပါယော၊ အပါယ်မည်၏။

ဤကား အပါယ်လေးပါးနှင့်ပတ်သက်၍
မှတ်သားဘွယ် အခန်း ပြီး၏။

---

## ကပ်သုံးပါးနှင့် ပတ်သက်၍ မှတ်သားဘွယ်

“ကပ်သုံးပါး”ဟူသည် သတ္ထန္တရကပ်၊ ရောဂန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ် အားဖြင့် သုံးပါးသော ကပ်ကို ဆိုလိုသည်။

“သတ္ထန္တရကပ်” ဟူသည် သတ္တဝါတို့သည် မတရားသော“အဓမ္မရာဂ”ဖြင့် တပ်မက်၊ မညီမျှသော“ဝိသမ” လောဘဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍၊ မှောက်မှားသော အကျင့်“မိစ္ဆာဓမ္မ”နှင့် ပြည့်စုံသည်ဖြစ်၍၊ထက်လှစွာသော လက်နက်တို့ကို ကိုင်စွဲကြလျက်၊ အချင်းချင်း မေတ္တာတရား ကင်းမဲ့ကာ ထိုး ခုတ် ကြသဖြင့်၊ လောက

ကြီး (လူအပေါင်း) ပျက်စီးရခြင်းသည် သတ္တန္တရကပ် မည်၏ ဟူလို။

ရောဂန္တရကပ်-ဟူသည်၊ မတရားသော "အဓမ္မရာဂ" ဖြင့် တပ်မက်၊ မညီမျှသော "ဝိသမ" လောဘဖြင့်နှိပ်စက်အပ် မှောက်မှားသော အကျင့် "မိစ္ဆာဓမ္မ" နှင့် ပြည့်စုံကုန်သော ထိုလူအများတို့၏ထံသို့ အကြီးအကဲဖြစ်ကုန်သော ဘီလူးတို့သည် ကြမ်းတန်းသော ဘီလူးတို့ကို စေလွှတ်ကြကုန်သောကြောင့် များစွာသော လူအပေါင်း အနာရောဂါထူပြောပြီး သေကြေပျက်စီးကြခြင်းသည် ရောဂန္တရကပ်မည်၏။

ဒုဗ္ဘိက္ခန္တရကပ်-ဟူသည်၊ သတ္တဝါတို့၏ သန္တာန်မှာ မတရားသော "အဓမ္မရာဂ" ဖြင့် တပ်မက်၊ မညီမျှသော "ဝိသမ" လောဘဖြင့်နှိပ်စက်အပ်ကုန်သည်ဖြစ်၍၊ မှောက်မှားသော "မိစ္ဆာဓမ္မ" နှင့်ပြည့်စုံသဖြင့်မိုးခေါင်ပြီးအစာအာဟာရရှားပါးကာ ငတ်မွတ် ခေါင်းပါးလျက် လူအများ သေကြေပျက်စီးကြ ခြင်းသည် ဒုဗ္ဘိက္ခန္တရကပ် မည်၏။

(အင်္ဂုတ္တိုရ်ပါဠိတော်, တိကနိပါတ် ပလောကသုတ်)
ဤတွင် ကပ်သုံးပါးနှင့်ပတ်သက်၍ မှတ်သားဘွယ် ပြီး၏။

## ရပ်ပြစ် ၈-ပါးနှင့်ပတ်သက်၍ မှတ်သားဘွယ်

ရပ်ပြစ် ၈-ပါးဟူသည်

၁။ ငရဲ၌ ဖြစ်သောသူ။
၂။ တိရစ္ဆာန်မျိုး၌ ဖြစ်သောသူ။

၃။ ပြိတ္တာဘုံ၌ ဖြစ်သောသူ။

၄။ ရုပ်သာရှိ၍ နာမ်မရှိသောအသညသတ် ပြဟ္မာ့ဘုံ၊ နာမ်သာရှိ၍ ရုပ်မရှိသော အရူပဘုံ၌ ဖြစ်သောသူ။

၅။ ပစ္စန္တရစ်ခေါ် သာသနာမရှိသောအရပ်၌ ဖြစ်သောသူ။(တောကြိုတောင်ကြားအစွန်အဖျား မြတ်စွာဘုရား အဆုံးအမကို မသိ၍ ရိုင်းစိုင်းသော အရပ်၌ဖြစ်သောသူ။)

၆။ မိစ္ဆာဒိဋ္ဌိ မှားသောအယူရှိသောသူ။

၇။ သုဂတိအဟိတ်ပဋိသန္ဓေနေခဲ့သဖြင့်၊ အမိဝမ်းတွင်းကပင် ကန်းသောသူ။ ဆွံ့ အ သောသူ။ နားပင်းသောသူ။ (လူစဉ်မမှီသောသူ)

၈။ တိဟိတ်ပဋိသန္ဓေနေခဲ့သော်လည်း ဘုရားရှင်တို့ ပွင့်ပေါ်သော သာသနာတော် တွင်း၌ မဖြစ်၊ ဘုရားရှင်တို့ မပွင့် ပေါ် သော သာသနာပ အခါ၌ ဖြစ်သောသူ။

မြတ်သောအကျင့်ကိုကျင့်သုံးရန် အခါအခွင့်မဟုတ်သဖြင့် ဤ ၈-ပါးကို ရပ်ပြစ် ၈-ပါးဟူ၍ခေါ်သည်။

[ရပ်ပြစ် ၈-ပါးတို့တွင် နံပါတ် ၆-မိစ္ဆာဒိဋ္ဌိ ဟူသည် မြတ်စွာဘုရားသာသနာတော်အတွင်းမှာ လူလာ၍ ဖြစ်ငြားသော်လည်း ပေးလှူအပ်သော အလှူ၏အကျိုးသည် မရှိ၊ ယဇ်ကြီးပူဇော်မှုသည်မရှိ၊ ယဇ်ငယ် ပူဇော်မှုသည် မရှိ၊ကောင်းမှု-မကောင်းမှုတို့၏အကျိုးဝိပါက်သည်မရှိ၊

ဤပစ္စုပ္ပန် လောကသည် မရှိ၊ တပါးသော တမလွန် လောကသည် မရှိ၊ အမိသည်မရှိ၊ အဘသည်မရှိ၊ သေ၍ တဖန် ဖြစ်သော သတ္တဝါတို့သည် မရှိကုန်၊ ဤပစ္စုပ္ပန် လောက,တမလွန်လောကကိုလည်း ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့်မျက်မှောက်ပြု ဟောကြားကုန်၍ အညီအညွတ် ကောင်း သော အကျင့်ကို ကျင့်ကြကုန်သော ရဟန်း ပုဏ္ဏားတို့မည်သည် လောက၌ မရှိကုန်ဟု မှားသော အမြင်ရှိသော သူတို့ကို ဆိုလိုသည်။]

အင်္ဂုတ္တိုရ် ပါဠိတော် အဋ္ဌကနိပါတ် အက္ခဏသုတ် နှင့် ပါထိကဝဂ္ဂ ပါဠိတော်၊ ဒသုတ္တရသုတ် ပါဠိတော် ၂-ရပ်၌ ဟောတော်မူသည်။

ဤတွင် ရပ်ပြစ် ၈-ပါးနှင့် ပတ်သက်၍ မှတ်သားဘွယ်ပြီး။

---

"ရန်သူမျိုး ၅-ပါး" ဟူသည်၊မီး,ရေ,မင်း,ခိုးသူ,မချစ် မနှစ်သက်သောသူ အားဖြင့် ၅-ပါးကို ဆိုလိုသည်။

---

"ဝိပ္ပတ္တိတရား ၄-ပါး" ဟူသည်၊ သီလဝိပ္ပတ္တိ, ဒိဋ္ဌိ ဝိပ္ပတ္တိ,အာစာရဝိပ္ပတ္တိ,အာဇီဝဝိပ္ပတ္တိ အားဖြင့် ၄-ပါးကို ဆိုလိုသည်။

တနည်း၊ ကာလဝိပ္ပတ္တိ, ဂတိဝိပ္ပတ္တိ, ဥပဓိဝိပ္ပတ္တိ, ပယောဂဝိပ္ပတ္တိ အားဖြင့် ၄-ပါးကို ဆိုလိုသည်။

၁။ သီလဝိပ္ပတ္တိ၊ ကာယကံ, ဝစီကံ, မနောကံ ကို စောင့်ထိန်းမှုမရှိ၍ သီလ၏ ပျက်စီးခြင်း။

၂။ ဒိဋ္ဌိဝိပ္ပတ္တိ၊ အယူ၏ ပျက်စီးခြင်း။

၃။ အာစာရဝိပ္ပတ္တိ၊ အကျင့်၏ပျက်စီးခြင်း။

၄။ အာဇီဝဝိပ္ပတ္တိ၊ ဒုစရိုက်အစားစားဖြင့် အသက်မွေးမှားခြင်းကြောင့် ပျက်စီးခြင်း။

(တနည်း)

၁။ ကာလဝိပ္ပတ္တိ၊ ကာလ၏ပျက်စီးခြင်း။

၂။ ဂတိဝိပ္ပတ္တိ၊ အပါယ်ဘုံသို့လားရခြင်း၊ (လားရာဌာန၏ ပျက်စီးခြင်း)။

၃။ ဥပဓိဝိပ္ပတ္တိ၊ အင်္ဂါကြီးငယ် ချို့တဲ့ခြင်း။

၄။ ပယောဂဝိပ္ပတ္တိ၊ ကုသိုလ်တရားကို အားမထုတ်နိုင်ခြင်းကြောင့် ပျက်စီးခြင်း။

## ဗျသနတရား ၅-ပါး

"ဗျသနတရား ၅-ပါး" ဟူသည်၊ ဉာတိဗျသန, ဘောဂဗျသန, ရောဂဗျသန, သီလဗျသန, ဒိဋ္ဌိဗျသန အားဖြင့် ၅-ပါးကို ဆိုလိုသည်။

၁။ ဉာတိဗျသန၊ ဆွေမျိုးသားခြင်း ပျက်စီးခြင်း။

၂။ ဘောဂဗျသန။ စည်းစိမ်ဥစ္စာ ပျက်စီးခြင်း။

၃။ ရောဂဗျသန၊ အနာရောဂါနှိပ်စက်၍ ပျက်စီးခြင်း။

၄။ သီလဗျသန၊ သီလ၏ပျက်စီးခြင်း။

၅။ ဒိဋ္ဌိဗျသန၊ အယူ၏ ပျက်စီးခြင်း။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပဉ္စကနိပါတ် ဗျသနသုတ်၌ ဟောတော်မူ၏)။

မီး ၁၁-ပါး ဟူသည်

၁။ ရာဂဂ္ဂိ၊ ရာဂမီး။
၂။ ဒေါသဂ္ဂိ၊ ဒေါသမီး။
၃။ မောဟဂ္ဂိ၊ မောဟမီး။
၄။ ဇာတဂ္ဂိ၊ ဇာတိမီး။
၅။ ဇရဂ္ဂိ၊ ဇရာမီး။
၆။ မရဏဂ္ဂိ၊ မရဏမီး။
၇။ သောကဂ္ဂိ၊ သောကမီး။
၈။ ပရိဒေဝဂ္ဂိ၊ ပရိဒေဝမီး။
၉။ ဒုက္ခဂ္ဂိ၊ ဒုက္ခမီး။
၁၀။ ဒေါမနဿဂ္ဂိ၊ ဒေါမနဿမီး။
၁၁။ ဉပါယာသဂ္ဂိ၊ ဉပါယာသမီး အားဖြင့် တဆယ့်တပါးကို ဆိုလိုသည်။

မှတ်ချက်။ ။ဤမီး ၁၁-ပါးသည် ဆုတောင်းခဏ်း၌ မပါ။ သိထားဘို့ရန်သာ ထည့်သွင်းဖေါ်ပြလိုက်သည်။

---

## မပြစ်မှား ကောင်းသော ခင်ပွန်းကြီး ၁၀-ပါး

၁။ မြတ်စွာဘုရား။
၂။ ပစ္စေကဗုဒ္ဓါ။
၃။ ရဟန္တာအရှင်မြတ်။
၄။ အဂ္ဂသာဝက။
၅။ အမိ။
၆။ အဘ။

၇။ သီလစသည် ဂုဏ်ကြောင့် အလေးပြုအပ်သူ။
၈။ ဆရာသမား။
၉။ ပေးကမ်း ချီးမြှင့်တတ်သူ။
၁၀။ တရားဓမ္မ ဟောပြတတ်သူ။

"မဂ်တရား" ဟူသည်၊ သောတာပတ္တိမဂ်, သကဒါဂါမိမဂ်,အနာဂါမိမဂ်,အရဟတ္တမဂ် ကို ဆိုလိုသည်။

"ဖိုလ်တရား" ဟူသည်၊သောတာပတ္တိ ဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်,အရဟတ္တဖိုလ် ကိုဆိုလိုသည်။

"နိဗ္ဗာန်" ဟူသည်—

"ဘဝါဘဝံ ဝိနတိ သံသိဗ္ဗတီတိ ဝါနံ၊ ဝါနတော နိက္ခန္တန္တိ နိဗ္ဗာနံ" ဟူသော ဝစနတ္ထနှင့်အညီ၊ ယုတ်သော ဘဝ, မြတ်သောဘဝကို ချုပ်စပ်တတ်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်မည်၏ ဟူလို။

(တနည်း)

"နိဗ္ဗာတိ ဧတေန ရာဂဂ္ဂိ အာဒိကောတိ နိဗ္ဗာနံ" ဟူသော ဋီကာပါဠိနှင့်အညီ၊ ရာဂအစရှိသော မီး တဆယ့်တတန် ငြိမ်းအေးရာ အမှန် ဖြစ်သောကြောင့် နိဗ္ဗာန် မည်၏။

(ဧတေန၊ဤအသခ်တဓာတ်ဖြင့်။ရာဂဂ္ဂိအာဒိကော၊ ရာဂမီး အစရှိသည်သည်။ နိဗ္ဗာတိ၊ ငြိမ်းအေးတတ်၏။ ဣတိ၊ ထို့ကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန် မည်၏။)

ဘဝါဘဝံ၊ ယုတ်သော ဘဝ, မြတ်သော ဘဝကို။ ဝိနတိသံသိဗ္ဗတိ၊ချုပ်တတ် စပ်တတ်၏။ဣတိ၊ထို့ကြောင့်။

ဝါနံ၊ဝါနမည်၏။ (တဏှာကိုရ၏)။ဝါနတော၊ဝါနဟု ဆိုအပ်သော တဏှာမှ။ နိက္ခန္တံ၊ ထွက်မြောက်တတ်သည် တည်း။ ဣတိ၊ ထို့ကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။

---

## သီလခဏ်း

### ငါးပါးသီလတောင်းရန် ပါဠိ

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ။ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ၊အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ။ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေ ဘန္တေ။

တတိယမ္ပိ၊ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ။ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(အာမ ဘန္တေ)

### ဘုရားရှိခိုးရန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊
(သုံးခေါက်ဆို)

### သရဏဂုံဆောက်တည်ရန်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

(အာမ ဘန္တေ)

## ငါးပါးသီလ ဆောက်တည်ရန်

ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(အာမ ဘန္တေ)

## ငါးပါးသီလတောင်းအနက်

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။သဟ၊တကွ။ပဉ္စသီလံ၊ ငါးပါးသီလ ဖြစ်သော။ ဓမ္မံ၊ ကျင့်ဝတ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ အနုဂ္ဂဟံ၊ ချီး မြှောက်ခြင်းကို။ ကတွာ၊ ပြု၍။ မေ၊ တပည့်တော်အား။

သီလံ၊ ကျင့်ဝတ်သီလကို။ ဒေထ၊ ပေးသနားတော်မူပါ အရှင်ဘုရား။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ ပဉ္စသီလံ၊ ငါးပါးသီလဖြစ်သော။ ဓမ္မံ၊ ကျင့်ဝတ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ အနုဂ္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကတွာ၊ ပြု၍။ မေ၊ တပည့်တော်အား။ သီလံ၊ ကျင့်ဝတ်သီလကို။ ဒေထ၊ ပေးသနားတော်မူပါ အရှင်ဘုရား။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။တိသရဏေန၊သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ ပဉ္စသီလံ၊ ငါးပါးသောသီလဖြစ်သော။ ဓမ္မံ၊ ကျင့်ဝတ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ အနုဂ္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကတွာ၊ ပြု၍။ မေ၊ တပည့်တော်အား။ သီလံ၊ကျင့်ဝတ်သီလကို။ ဒေထ၊ ပေးသနားတော်မူပါအရှင်ဘုရား။

ဘန္တေ၊ အရှင်ဘုရား။ အာမ၊ အရှင်ဘုရား အမိန့်အတိုင်း လိုက်ဆိုပါမည်ဘုရား။

## နမောတဿ အနက်

အရဟတော၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ အလုံးစုံသော တရားတို့ကို မဖေါက်မပြန် ကိုယ်တိုင်မှန်စွာသိတော်မူပြီးသော။ တဿဘဂဝတော၊ ထိုမြတ်စွာဘုရားအား။ နမော၊ ရိုသေညွတ်ကျိုးလက်စုံမိုး၍ ရှိခိုးပါ၏အရှင်ဘုရား။

## သရဏဂုံ အနက်

ဗုဒ္ဓံ၊ သစ္စာလေးရပ် တရားမြတ်ကို လူ့နတ် အများ သိထင်ရှားအောင် ဟောကြားထုတ်ဖေါ် သိစေတော်မူတတ်သော မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ အရှင်ဘုရား။

ဓမ္မံ၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ်, ဆယ်ပါးသောတရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ အရှင်ဘုရား။

သံဃံ၊ မဂ္ဂဋ္ဌာန်လေးယောက်,ဖလဋ္ဌာန်လေးယောက် ဟုဆိုအပ်သော ရှစ်ယောက်သော အရိယာသံဃာတော် မြတ်အပေါင်းကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ် ပါ၏ အရှင်ဘုရား။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဗုဒ္ဓံ၊ သစ္စာလေး ရပ် တရားမြတ်ကို လူ့နတ် အများ သိထင်ရှားအောင် ဟောကြားထုတ်ဖေါ် သိစေတော်မူတတ်သောမြတ်စွာ ဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်း ကပ်ပါ၏ အရှင်ဘုရား။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဓမ္မံ၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ်, ဆယ်ပါးသော တရား တော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ အရှင်ဘုရား။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ သံဃံ၊ မဂ္ဂဋ္ဌာန် လေးယောက်, ဖလဋ္ဌာန်လေးလောက် ဟု ဆိုအပ်သော ရှစ်ယောက်သော အရိယာ သံဃာတော်မြတ် အပေါင်း

ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ အရှင်ဘုရား။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ဓမ္မံ၊ သစ္စာလေးရပ် တရားမြတ်ကို လူ့နတ် အများ သိထင်ရှားအောင် ဟောကြားထုတ်ဖေါ် သိစေတော်မူတတ်သောမြတ်စွာ ဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ အရှင်ဘုရား။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ဓမ္မံ၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ်, ဆယ်ပါးသော တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ အရှင်ဘုရား။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ သံဃံ၊ မဂ္ဂဋ္ဌာန် လေးယောက်, ဖလဋ္ဌာန် လေးယောက် ဟု ဆိုအပ်သော ရှစ်ယောက်သော အရိယာ သံဃာတော်မြတ်အပေါင်းကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ အရှင်ဘုရား။

ဘန္တေ၊ အရှင်ဘုရား။ အာမ၊ အရှင်ဘုရား အမိန့်အတိုင်း ပြည့်စုံပါပြီဘုရား။

## ငါးပါးသီလ အနက်

ပါဏာတိပါတာ၊ သူ့အသက်ကို သတ်ဖြတ်ခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင် ကြဉ် ကြောင်း ဖြစ် သော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏အရှင်ဘုရား။

အဒိန္နာဒါနာ၊ အရှင်သည် ကိုယ်, နှုတ် ဖြင့် မပေးသော သူတပါးဥစ္စာကို ခိုးယူခြင်းမှ။ ဝေရမဏိသိက္ခာ

ပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည် ပါ၏ အရှင်ဘုရား။

ကာမေသုမိစ္ဆာစာရာ၊ကာမဂုဏ်တို့၌ မှားယွင်းသော အကျင့်မှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏အရှင်ဘုရား။

မုသာဝါဒါ၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏ အရှင်ဘုရား။

သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ မေ့လျော့ ခြင်း၏ အကြောင်းဖြစ်သော သူရာငါးပါး,မေရယငါးပါးတို့ကို သောက်စားခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ် ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏အရှင်ဘုရား။

ဘန္တေ၊ အရှင်ဘုရား။ အာမ၊ အရှင်ဘုရား အမိန့် အတိုင်း ဖြည့်ကျင့်ပါမည်ဘုရား။

## သိက္ခာပုဒ်လွန်ကျူးခြင်း အပြစ်ကိုပြခြင်း

ဖေါ်ပြပြီးသိက္ခာပုဒ်တို့ကိုလွန်ကျူးရာ၌အပြစ်အသီးသီးရှိပုံများမှာ ဖေါ်ပြလတ့်သော ဘုရားဟောဒေသနာတော်အတိုင်းသိပါလေ။

## ပါဏာတိပါတ သိက္ခာပုဒ်

ပါဏာတိပါတာ ဘိက္ခဝေ အာသေဝိတော ဘာဝိတော ဗဟုလီကတော နိရယ သံဝတ္တနိကော၊ တိရစ္ဆာနယောနိ သံဝတ္တနိကော၊ ပေတ္တိဝိသယ သံဝတ္တနိကော၊ ယော သဗ္ဗလဟုသော ပါဏာတိပါတဿ ဝိပါကော မနုဿဘူတဿ အပ္ပါယုက သံဝတ္တနိကော ဟောတိ။

ချစ်သားတို့ မှီဝဲအပ်, ပွားများအပ်, အကြိမ်များစွာ ပြုအပ်သော သူ၏အသက်ကို သတ်ခြင်းသည် ငရဲ၌ဖြစ်စေတတ်၏၊ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏၊ သူ၏အသက်ကိုသတ်ခြင်း၏ အပေါ့ဆုံး ဖြစ်သော အကျိုးသည် လူဖြစ်သောသူအား အသက်တိုခြင်းကို ဖြစ်စေတတ်၏။

## အဒိန္နာဒါန သိက္ခာပုဒ်

အဒိန္နာဒါနံ ဘိက္ခဝေ အာသေဝိတံ ဘာဝိတံ ဗဟုလီကတံ နိရယ သံဝတ္တနိကံ၊ တိရစ္ဆာနယောနိ သံဝတ္တနိကံ၊ ပေတ္တိဝိသယ သံဝတ္တနိကံ၊ ယော သဗ္ဗလဟုသော အဒိန္နာဒါနဿ ဝိပါကော၊ မနုဿဘူတဿ ဘောဂဗျသနသံဝတ္တနိကော ဟောတိ။

ချစ်သားတို့ မှီဝဲအပ်, ပွားများအပ်, အကြိမ်များစွာ ပြုအပ်သော ပိုင်ရှင်မပေးသော သူတပါးဥစ္စာကို ခိုးယူခြင်းသည် ငရဲ၌ဖြစ်စေတတ်၏၊ တိရစ္ဆာန်မျိုး၌ ဖြစ်စေ

တတ်၏၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏၊ ပိုင်ရှင်မပေးသော သူတပါးဥစ္စာကို ခိုးယူခြင်း၏ အပေါ့ဆုံး ဖြစ် သော အကျိုးသည် လူဖြစ်သောသူအား စည်းစိမ်ဥစ္စာပျက်စီး ခြင်းကို ဖြစ်စေထတ်၏။

## ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်

ကာမေသုမိစ္ဆာစာရော ဘိက္ခဝေ အာသေ ဝိတော ဘာဝိတော ဗဟုလီကတော နိရယ သံ ဝတ္တနိကော၊ တိရစ္ဆာနယောနိ သံဝတ္တနိကော၊ ပေတ္တိဝိသယ သံဝတ္တနိကော၊ ယောသဗ္ဗလဟု သော ကာမေသု မိစ္ဆာစာရဿ ဝိပါကော၊ မနုဿ ဘူတဿ သပတ္တဝေရ သံဝတ္တနိကော ဟောတိ။

ချစ်သားတို့ မိုဝဲအပ်, ပွားများအပ်, အကြိမ်များစွာ ပြုအပ်သော ကာမဂုဏ်တို့၌ မှားယွင်းသော အားဖြင့် ကျင့်ခြင်းသည် ငရဲ၌ဖြစ်စေတတ်၏၊ တိရစ္ဆာန်မျိုး၌ ဖြစ် စေတတ်၏၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏၊ သူ့သား အိမ်ရာ ဟူသော ကာမဂုဏ်တို့၌ မှားယွင်းသောအားဖြင့် ကျင့် ခြင်း၏ အပေါ့ဆုံးဖြစ်သောအကျိုးသည် လူဖြစ်သော သူအား ရန်သူတို့နှင့်တကွ ရန်ဖြစ်စေတတ်၏။

## မုသာဝါဒ သိက္ခာပုဒ်

မုသာဝါဒေါ ဘိက္ခဝေ အာသေဝိတော ဘာဝိတော ဗဟုလီကတော နိရယသံဝတ္တနိ ကော၊တိရစ္ဆာန ယောနိသံဝတ္တနိကော၊ ပေတ္တိ

ဝိသယ သံဝတ္တနိကော၊ ယော သဗ္ဗလဟုသော၊
မုသာဝါဒဿဝိပါကော၊ မနုဿဘူတဿ အဘူ
တဗ္ဘက္ခာန သံဝတ္တနိကော ဟောတိ။

ချစ်သားတို့ မှီဝဲအပ်၊ ပွားများအပ်၊ အကြိမ်များစွာ ပြုအပ်သော မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းသည် ငရဲ၌ ဖြစ်စေတတ်၏၊ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏၊ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်း၏ အပေါ့ဆုံး ဖြစ်သော အကျိုးသည် လူဖြစ်သောသူအား မဟုတ်မမှန်သောစကားဖြင့် စွပ်စွဲခံရခြင်းကို ဖြစ်စေတတ်၏။

### ပိသုဏဝါစာ သိက္ခာပုဒ်

ပိသုဏာ ဘိက္ခဝေ ဝါစာ အာသေဝိတာ
ဘာဝိတာ ဗဟုလီကတာ နိရယသံဝတ္တနိကာ၊
တိရစ္ဆာနယောနိ သံဝတ္တနိကာ၊ ပေတ္တိဝိသယ
သံဝတ္တနိကာ၊ ယော သဗ္ဗလဟုသော ပိသုဏာ
ယ ဝါစာယ ဝိပါကော၊မနုဿဘူတဿ မိတ္တေ
ဟိ ဘေဒနသံဝတ္တနိကော ဟောတိ။

ချစ်သားတို့ မှီဝဲအပ်၊ ပွားများအပ်၊ အကြိမ်များစွာ ပြုအပ်သော ကုန်းတိုက် (ဂုန်းတိုက်) စကား ပြောခြင်းသည် ငရဲ၌ဖြစ်စေတတ်၏၊ တိရစ္ဆာန်မျိုး၌ဖြစ်စေတတ်၏၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏၊ ကုန်းတိုက်(ဂုန်းတိုက်)စကား ပြောကြားခြင်း၏ အပေါ့ဆုံး ဖြစ်သော အကျိုးသည် လူဖြစ်သောသူအား အဆွေခင်ပွန်းတို့နှင့် ကွဲပြားခြင်းကို ဖြစ်စေတတ်၏။

## ဖရုသဝါစာ သိက္ခာပုဒ်

ဖရုသာ ဘိက္ခဝေ ဝါစာ အာသေဝိတာ ဘာဝိတာ ဗဟုလီကတာ နိရယသံဝတ္တနိကာ၊ တိရစ္ဆာနယောနိ သံဝတ္တနိကာ၊ ပေတ္တိဝိသယ သံဝတ္တနိကာ၊ ယောသဗ္ဗလဟုသော ဖရုသာယ ဝါစာယ ဝိပါကော မနုဿဘူတဿ အမနာပ သဒ္ဒသံဝတ္တနိကော ဟောတိ။

ချစ်သားတို့ မှီဝဲအပ်, ပွားများအပ်, အကြိမ်များစွာ ပြုအပ်သော ကြမ်းတန်းသော စကားကို ပြော ဆို ခြင်း သည် ငရဲ၌ ဖြစ်စေတတ်၏၊ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏၊ ကြမ်းတန်းသောစကား ကို ပြောဆိုခြင်း၏ အပေါ့ဆုံး ဖြစ်သော အကျိုးသည် လူဖြစ်သောသူအား မနှစ်သက်ဘွယ်သောအသံကို ဖြစ် စေတတ်၏။

## သမ္ဖပ္ပလာပဝါစာ သိက္ခာပုဒ်

သမ္ဖပ္ပလာပေါ ဘိက္ခဝေ အာသေဝိတော ဘာဝိတော ဗဟုလီကတော နိရယ သံဝတ္တ နိကော၊ တိရစ္ဆာနယောနိ သံဝတ္တနိကော၊ပေတ္တိ ဝိသယ သံဝတ္တနိကော၊ ယော သဗ္ဗလဟုသော သမ္ဖပ္ပလာပဿ ဝိပါကော မနုဿ ဘူတဿ အနာဒေယျ ဝါစာ သံဝတ္တနိကော ဟောတိ။

ချစ်သားတို့ မှီဝဲအပ်, ပွားများအပ်, အကြိမ်များစွာ ပြုအပ်သော ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းသည်

ငရဲ၌ ဖြစ်စေတတ်၏၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏၊ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်း၏ အပေါ့ဆုံး ဖြစ်သော အကျိုးသည် လူဖြစ်သောသူအား သူတပါးတို့ မနာယူအပ်သောစကားရှိသည်ကို ဖြစ်စေတတ်၏။

သုရာမေရယ သိက္ခာပုဒ်

သုရာမေရယပါနံ ဘိက္ခဝေ အာသေဝိတံ ဘာဝိတံ ဗဟုလီကတံ နိရယသံဝတ္တနိကံ၊ တိရစ္ဆာန ယောနိ သံဝတ္တနိကံ၊ပေတ္တိဝိသယသံဝတ္တနိကံ၊ ယော သဗ္ဗလဟုသော သုရာမေရယပါနဿဝိပါ ကော မနုဿဘူတဿ ဥမ္မတ္တက သံဝတ္တနိကော ဟောတိ။

ချစ်သားတို့ မှိဝဲအပ်၊ ပွားများအပ်၊ အကြိမ်များစွာ ပြုအပ်သော သေအရက်ကိုသောက်ခြင်းသည် ငရဲ၌ဖြစ်စေတတ်၏၊ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏၊သေအရက်ကိုသောက်ခြင်း၏အပေါ့ဆုံး ဖြစ်သောအကျိုးသည် လူ၌ ဖြစ်သောသူအား ရူးသွပ်ခြင်းကို ဖြစ်စေတတ်၏။

[ဤအမှုကိုပြုက ဤမည်သော မကောင်းကျိုး အပြစ်ရှိသည်ဟု ဘုရားဟောတော်မူကြောင်းကို သိကြရသဖြင့် ထိုမကောင်းမှု အကုသိုလ်ဘို့မှ ရှောင်ကြဉ်ကြ ကုန်လိမ့်မည်ဟု မျှော်လင့် ယုံကြည်သောကြောင့်၊ ဖော်ပြပါ ပါဠိတော်တို့ကို ပါဠိ၊မြန်မာနှစ်ဘာသာဖြင့် ထည့်သွင်း ဖော်ပြလိုက်ရပေသတည်း။]

(အင်္ဂုတ္တိုရ်ပါဠိတော်, ဒါနဝဂ်, ဒုစ္စရိတဝိပါကသုတ်)

# ရှစ်ပါးသီလတောင်းရန် ပါဠိ

အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂ သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂ သမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(အာမ ဘန္တေ)

## ဘုရားရှိခိုးရန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

( သုံးခေါက်ဆို )

## သရဏဂုံဆောက်တည်ရန်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

(အာမ ဘန္တေ)

## ရှစ်ပါးသီလ ဆောက်တည်ရန်

ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

နစ္စ,ဂီတ,ဝါဒိတ,ဝိသုက,ဒဿန, မာလာဂန္ဓ, ဝိလေပန,ဓာရဏ,မဏ္ဍန,ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊ ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(အာမ ဘန္တေ)

## ရှစ်ပါးသီလတောင်း အနက်

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ အဋ္ဌင်္ဂသမန္နာဂတံ၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ ဥပေါသထသီလံ၊ ဥပုသ်သီလဖြစ်သော။ ဓမ္မံ၊ ကျင့်ဝတ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ အနုဂ္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကတွာ၊ ပြု၍။ မေ၊ တပည့်တော်အား။ သီလံ၊ ကျင့်ဝတ်သီလကို။ ဒေထ၊ ပေးသနားတော်မူပါ အရှင်ဘုရား။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ အဋ္ဌင်္ဂသမန္နာဂတံ၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ ဥပေါသထသီလံ၊ ဥပုသ်သီလဖြစ်သော။ ဓမ္မံ၊ ကျင့်ဝတ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ အနုဂ္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကတွာ၊ ပြု၍။ မေ၊ တပည့်တော်အား။ သီလံ၊ ကျင့်ဝတ်သီလကို။ ဒေထ၊ ပေးသနားတော်မူပါ အရှင်ဘုရား။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ အဋ္ဌင်္ဂသမန္နာဂတံ၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ ဥပေါသထသီလံ၊ ဥပုသ်သီလဖြစ်သော။ ဓမ္မံ၊ ကျင့်ဝတ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ အနုဂ္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကတွာ၊ ပြု၍။ မေ၊ တပည့်တော်အား။ သီလံ၊ ကျင့်ဝတ်သီလကို။ ဒေထ၊ ပေးသနားတော်မူပါ အရှင်ဘုရား။

ဘန္တေ၊ အရှင်ဘုရား။ အာမ၊ အရှင်ဘုရား အမိန့်အတိုင်း လိုက်ဆိုပါမည်ဘုရား။

## နမောတဿ အနက်

အရဟတော၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ အလုံးစုံသောတရားတို့ကို မဖေါက်မပြန် ကိုယ်တိုင်မှန်စွာသိတော်မူပြီးသော။ တဿဘဂဝတော၊ ထိုမြတ်စွာဘုရားအား။ နမော၊ ရှိသေညွတ်ကျိုးလက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

## သရဏဂုံအနက်

ဗုဒ္ဓံ၊ သစ္စာလေးရပ် တရားမြတ်ကို လူ, နတ် အများသိထင်ရှားအောင် ဟောကြားထုတ်ဖေါ် သိစေတော်မူတတ်သော မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ အရှင်ဘုရား။

ဓမ္မံ၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ်, ဆယ်ပါးသော တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏အရှင်ဘုရား။

သံဃံ၊ မဂ္ဂဋ္ဌာန်လေးယောက်,ဖလဋ္ဌာန်လေးယောက်ဟုဆိုအပ်သော ရှစ်ယောက်သော အရိယာသံဃာတော်မြတ်အပေါင်းကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏အရှင်ဘုရား။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဗုဒ္ဓံ၊ ကို။ သရဏံ၊ ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏အရှင်ဘုရား။

ဒုတိယမ္ပိ၊ လည်း။ ဓမ္မံ၊ ကို။ သရဏံ၊ ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ အရှင်ဘုရား။

ဒုတိယမ္ပိ၊ လည်း။ သံဃံ၊ ကို။ သရဏံ၊ ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ အရှင်ဘုရား။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ဗုဒ္ဓံ၊ကို။သရဏံ၊ ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ အရှင်ဘုရား။

တတိယမ္ပိ၊ လည်း။ ဓမ္မံ၊ ကို။ သရဏံ၊ ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ အရှင်ဘုရား။

တတိယမ္ပိ၊ လည်း။ သံဃံ၊ ကို။ သရဏံ၊ ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ အရှင်ဘုရား။

ဘန္တေ၊ အရှင်ဘုရား။ အာမ၊ အရှင်ဘုရား အမိန့် အတိုင်း ပြည့်စုံပါပြီဘုရား။

## ရှစ်ပါးသီလတောင်း အနက်

ပါဏာတိပါတာ၊ သူ့အသက်ကို သတ်ဖြတ်ခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ကောင်း စွာ ခံယူ ဆောက်တည်ပါ၏ အရှင်ဘုရား။

အဒိန္နာဒါနာ၊ အရှင်သည် ကိုယ်နှုတ် ဖြင့် မပေး သော သူတပါးဥစ္စာကို ခိုးယူခြင်းမှ။ ဝေရမဏိသိက္ခာ ပဒံ၊ ကို။ သမာဒိယာမိ၊ အရှင်ဘုရား။

အဗြဟ္မစရိယာ၊ မမြတ်သော အကျင့်မှ။ ဝေရမဏိ သိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ အရှင်ဘုရား။

မုသာဝါဒါ၊ ဇဟုတ် မမှန်သော စကားကို ပြောဆိုခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ အရှင်ဘုရား။

သုရာမေရယ မဇ္ဇ ပမာဒဋ္ဌာနာ၊ မေ့ လျော့ ခြင်း ၏ အကြောင်းဖြစ်သော သူရာငါးပါး, မေရယ ငါးပါး တို့ကို သောက်စားခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ကို။ သမာဒိယာမိ၊ အရှင်ဘုရား။

သုရာမေရယ ဟူသော ပါဠိနှင့် ပတ်သက်၍ သူရာ ၅-မျိုး,မေရယ ၅-မျိုးတို့ကို မှတ်သားဘို့ရန် ထည့်သွင်းဖေါ်ပြလိုက်ပေအံ့။

## သုရာ (သေရည်) ၅-မျိုး

၁။ ပိဋ္ဌသုရာ—ဆန်မှုန့်ကိုပြုလုပ်သော သေရည်။

၂။ ပူဝသုရာ—မယောမုံ့ကို ပြုလုပ်သော သေရည်။

၃။ ဩဒနသုရာ—ထမင်းကို ပြုလုပ်သော သေရည်။

၄။ ကိဏ္ဏပက္ခိတ္တသုရာ—တဆေးမှုန့်ကိုခပ်၍ပြုလုပ်သော သေရည်။

၅။ သမ္ဘာရသံယုတ္တသုရာ—အဆောက်အဦး အမျိုးမျိုး တို့ကို ပေါင်းစုံ၍ ပြုလုပ်သော သေရည်။

## မေရယ (သေရက်) ၅-မျိုး

၁။ ပုပ္ဖါသဝ - သစ်ပွင့်ရည်မှဖြစ်သော အရက်။

၂။ ဖလာသဝ - သစ်သီးရည်မှဖြစ်သော အရက်။

၃။ မဓွါသဝ - မုဒရက်ရည်မှဖြစ်သော အရက်။

၄။ ရူပ္ပါသဝ - ကြံ့ရည်မှုဖြစ်သော အရက်။

၅။ သမ္ဘာရသံယုတ္တ-အဆောက်အဦတို့ကို ပေါင်းစု၍ ဖြစ်သောအရက်။

ဝိကာလဘောဇနာ၊ နေလွဲညစ်စာ စားခြင်းမှ။ဝေရမဏီသိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏ အရှင်ဘုရား။

နစ္စ, ဂီတ, ဝါဒိတ, ဝိသုက, ဒဿန, မာလာဂန္ဓ, ဝိလေပန, ဓာရဏ, မဏ္ဍန, ဝိဘူသနဋ္ဌာနာ၊ ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, သာသနာတော်၏ ပြောင့်တံကျင်သဘွယ်ဖြစ်သော ကြည့်ရှုနားထောင်ခြင်း, ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း, နံ့သာမှုန့်တို့ဖြင့် အတင့်အတယ် အပြေအပြစ်ပြုခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ကို။ သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏အရှင်ဘုရား။

ဥစ္စာသယနမဟာသယနာ၊ မြင့် သော နေရာ မြတ်သောနေရာတို့၌ နေထိုင် ခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သောသိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ကောင်းစွာခံယူဆောက်တည်ပါ၏အရှင်ဘုရား။

ဘန္တေ၊ အရှင်ဘုရား။ အာမ၊ အရှင်ဘုရား အမိန့်အတိုင်း ဖြည့်ကျင့်ပါမည်ဘုရား။

---

## ဆယ်ပါးသီလတောင်းပါဠိ

အဟံ ဘန္တေ တိသရဏေန သဟ ဒသသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ဒသ သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ဒသ သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(အာမ ဘန္တေ)

ဘုရားရှိခိုး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(သုံးခေါက်ဆို)

သရဏဂုံဆောက်တည်ရန်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဓမ္မံ သရဏံ ဂစ္ဆာမိ။

သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

(အာမ ဘန္တေ)

## ဆယ်ပါးသီလ ဆောက်တည်ရန်

ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

နစ္စ,ဂီတ,ဝါဒိတ,ဝိသူက,ဒဿနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

မာလာဂန္ဓ,ဝိလေပန,ဓာရဏ,မဏ္ဍန,ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(အာမ ဘန္တေ)

## ဆယ်ပါးသီလတောင်း အနက်

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ ဒသသီလံ၊ ဆယ်ပါးသီလ ဖြစ်သော။ ဓမ္မံ၊ ကျင့်ဝတ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ အနုဂ္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကတွာ၊ ပြု၍။ မေ၊ တပည့်တော်အား။ သီလံ၊ ကျင့်ဝတ်သီလကို။ ဒေထ၊ ပေးသနားတော်မူပါအရှင်ဘုရား။

ဒုတိယမ္ပိ၊ နှစ်ကြိမ် မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ တိသရဏေန၊ သရဏဂုံ သုံးပါးနှင့်။ သဟ၊ တကွ။ ဒသသီလံ၊ ဆယ်ပါးသီလဖြစ်သော။ဓမ္မံ၊ကျင့်ဝတ်ကို။ ယာစာမိ၊တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ အနုဂ္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကတွာ၊ ပြု၍။ မေ၊ တပည့်တော်အား။ သီလံ၊ ကျင့်ဝတ်သီလကို။ ဒေထ၊ ပေးသနားတော်မူပါ အရှင်ဘုရား။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ တိသရဏေန၊ သရဏဂုံ သုံးပါးပါးနှင့်။ သဟ၊တကွ။ ဒသသီလံ၊ ဆယ်ပါးသီလဖြစ်သော။ ဓမ္မံ၊ ကျင့်ဝတ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ အနုဂ္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကတွာ၊ပြု၍။ မေ၊ တပည့်တော်အား။ သီလံ၊ ကျင့်ဝတ်သီလကို။ ဒေထ၊ ပေးသနားတော်မူပါ အရှင်ဘုရား။

ဘဂ္ဂေ၊ အရှင်ဘုရား။ အာဝမ၊ အရှင်ဘုရား အမိန့်အတိုင်း လိုက်ဆိုပါမည်ဘုရား။

## နမောတဿ အနက်

အရဟာတော၊ ပူဇော်အထူးကိုခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ အလုံးစုံသော တရားတို့ကို မဖေါက်မပြန် ကိုယ်တိုင်မှန်စွာသိတော်မူပြီးသော။ တဿဘဂဝတော၊ ထိုမြတ်စွာဘုရားအား။ နမော၊ ရှိသေညွှတ်ကျိုးလက်စုံမိုး၍ ရှိခိုးပါ၏အရှင်ဘုရား။

ဗုဒ္ဓံ၊ သစ္စာလေးရပ် တရားမြတ်ကို လူ, နတ် အများသိထင်ရှားအောင် ဟောကြားထုတ်ဖေါ် သိစေတော်မူတတ်သော မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏အရှင်ဘုရား။

ဓမ္မံ၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ်ဆယ်ပါးသောတရားတော်မြတ်ကို။ သရဏံ၊ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ အရှင်ဘုရား။

သံဃံ၊မဂ္ဂဋ္ဌာန်လေးယောက်, ဖလဋ္ဌာန်လေးယောက်ဟုဆိုအပ်သော ရှစ်ယောက်သော အရိယာသံဃာတော်မြတ်အပေါင်းကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ အရှင်ဘုရား။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဗုဒ္ဓံ၊ ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ အရှင်ဘုရား။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဓမ္မံ၊ ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ အရှင်ဘုရား။

ဒုတိယမွိ၊ နှစ်ကြိမ်မြောက်လည်း။ သံဃံ၊ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏အရှင်ဘုရား။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ဗုဒ္ဓံ၊ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏အရှင်ဘုရား။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ဓမ္မံ၊ကို။သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ဆည်းကပ်ပါ၏အရှင်ဘုရား။

တတိယမ္ပိ၊သုံးကြိမ်မြောက်လည်း။သံဃံ၊ကို။သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ အရှင်ဘုရား။

ဘန္တေ၊ အရှင်ဘုရား။ အာမ၊ အရှင်ဘုရား အမိန့် အတိုင်း ပြည့်စုံပါပြီဘုရား။

## ဆယ်ပါးသီလ အနက်

ပါဏာတိပါတာ၊ သူ့အသက်ကို သတ်ဖြတ်ခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏အရှင်ဘုရား။

အဒိန္နာဒါနာ၊အရှင်သည် ကိုယ်,နှုတ်ဖြင့် မပေးသော သူတပါးဥစ္စာကို ခိုးယူခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ၊ကို။ သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏ အရှင် ဘုရား။

အဗြဟ္မစရိယာ၊ မမြတ်သော အကျင့်မှ။ ဝေရမဏိ သိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ ကောင်းစွာဆောက်တည် ပါ၏ အရှင်ဘုရား။

မုသာဝါဒါ၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏ အရှင်ဘုရား။

သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ၊ မေ့ လျော့ ခြင်း ၏ အကြောင်းဖြစ်သော သူရာငါးပါး, မေရယငါးပါးတို့ ကို သောက်စားခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏ အရှင်ဘုရား။

ဝိကာလဘောဇနာ၊ နေလွဲညစာ စားခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏ အရှင်ဘုရား။

နစ္စ,ဂီတ,ဝါဒိတ,ဝိသုက,ဒဿနာ၊ ကခြင်း, သီခြင်း, တီးမှုတ်ခြင်း,သာသနာတော်၏ ငြောင့် တံကျင်သဘွယ်ဖြစ်သောကြည့်ရှုနားထောင်ခြင်းမှ။ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သောသိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏ အရှင်ဘုရား။

မာလာဂန္ဓ,ဝိလေပန,ဓာရဏ,မဏ္ဍန,ဝိဘူသနဋ္ဌာနာ၊ ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း, နံ့သာမှုန့်တို့ဖြင့် အတင့်အတယ် အပြေ အပြစ် ပြုခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို။သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏ အရှင်ဘုရား။

ဥစ္စာသယန မဟာသယနာ၊ မြင့်သောနေရာ, မြတ်သောနေရာတို့၌ နေထိုင်ခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင် ကြဉ် ကြောင်း ဖြစ် သော သိက္ခာ ပုဒ် တော်ကို။

သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏ အရှင်ဘုရား။

ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ၊ ရွှေ,ငွေဒင်္ဂါး, ပိုက်ဆံတို့ကို ခံယူခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်တော်ကို။ သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏ အရှင်ဘုရား။

ဘန္တေ၊ အရှင်ဘုရား။ အာမ၊ အရှင်ဘုရား အမိန့်အတိုင်း ဖြည့်ကျင့်ပါမည်ဘုရား။

ဆယ်ပါးသီလအနက် ပြီး၏။

---

## သီလနှင့် ပတ်သက်၍ မှတ်သားဘွယ်

သီလ-ဟူသည် "သီလတီတိသီလံ" ဟူသောဝစနတ္ထနှင့်အညီ၊ကာယကံ,ဝစီကံတို့ကို စောင့်ထိန်း၍ထားတတ်သောကြောင့်။ သီလ-မည်၏ဟုဆိုလိုသည်။

ယံဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ ကာယဝစီ ကမ္မာနိ၊ ကာယကံ,ဝစီကံ တို့ကို။ သီလတိ၊ စောင့်ထိန်း၍ထားတတ်၏။ ဣတိ၊ ထို့ကြောင့်။ သီလံ၊ သီလမည်၏။

> ကာယဝစီ ကမ္မာနိ သမာဒဟာတိ သမ္မာထပေတီတိ အတ္ထော။

(ကာယဝစီ ကမ္မာနိ၊ကာယကံ,ဝစီကံ တို့ကို။ သမာဒဟာတိ သမ္မာထပေတိ၊ တည်ကြည် ငြိမ် သက် အောင် ကောင်းစွာထားတတ်၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ သီလ၏ အနက်တည်း။)

သီလယတိဝါ ဥပဓာရေစီတိ သီလံ။

(ယံဓမ္မဇာတံ၊ အကြင်သဘောတရားသည်။ ကုသလေ ဓမ္မေ၊ ကုသိုလ်တရားတို့ကို။ သီလယတိ ဥပဓာရေတိ၊ တည်စေတတ်၏။ ဣတိ၊ ထိုကြောင့်။ သီလံ၊ သီလမည်၏။)

ကုသိုလ်တရားတို့ကို တည်စေ တတ်သောကြောင့်။ ဝါ၊ ကုသိုလ်တရားတို့၏ တည်ရာ ဖြစ် သော ကြောင့်။ သီလ မည်၏။

ကာယကမ္မ၊ ကိုယ်ဖြင့် ပြုအပ်သောအမှု။ ဝစီကမ္မ၊ နှုတ်ဖြင့် ပြုအပ်သော အမှုတို့ကို ကောင်းသောအကျင့် သုစရိုက်တရားမှ မကောင်းသောအကျင့် ဒုစရိုက်တရားသို့ မသွား မရောက်ရလေအောင် တည်ကြည်ငြိမ်သက်စွာ စောင့်ထိန်း၍ထားခြင်းကိုပင်။ သီလ စောင့်သည်, ဥပုသ်ကျင့်သုံးသည်ဟု ဆိုကြပေသည်။

"ပုထုကိလေသေ ဇနေတီတိ ပုထုဇ္ဇနော" ဟူသော ဝစနတ္ထနှင့် လျော်စွာ၊ ပုထုဇဉ် ပုဂ္ဂိုလ်မှန်သမျှရဲ့ သန္တာန်မှာ လောဘ, ဒေါသ စသော ကိလေသာတရားတို့အစဉ်သဖြင့် ကိန်းအောင်းလျက်ရှိကြသောကြောင့် "ပါပသ္မိံ ရမတိ မနော" ၎င်းကိလေသာတရားတွေ ကိန်းအောင်းလျက်နေသော ပုထုဇဉ်မှန်သမျှရဲ့ စိတ်သည်၊ အာရုံငါးပါး, ကာမဂုဏ် တရားတည်းဟူသော မကောင်းမှု၌ မွေ့လျော်ကာနေတတ်ကြသဖြင့်။ "ပါပါစိတ္တံ နိဝါရယေ" အာရုံငါးပါး ကာမဂုဏ်တရားတို့၌ မွေ့လျော်နေသော မိမိတို့ရဲ့ စိတ်ကို၊ ထိုမကောင်းသော အာရုံတရားမှ ကင်း

ကွာအောင် သီလစောင့်ထိန်းပြီး တားမြစ်ပိတ်ပင်ရမည်။ ထိုသို့ တားမြစ် ပိတ်ပင်မှု သာလျှင်။ "အဗ္ဗာ မုဗ္ဗတ္တာဝ စန္ဒိမာ" တိမ်တိုက်တွင်းမှ လွတ်ကင်းထွက်ပေါ်လာသော "လ" မင်းသည် သန့်သန့်ရှင်းရှင်း ထွန်းလင်းဘိသကဲ့သို့၊ ထိုနည်းတူစွာ "ဘယာမုစ္စတိ သော နရော" မိမိစိတ်ကို သို့စရိုက်ဘေးမှ ဒုစရိုက်ဘေးသို့ မသွား မရောက်ရလေအောင် ထိန်းသိမ်း စောင့်ရှောက်ထားသော သူသည် ဇာတိဒုက္ခ စသော ဘေးအပေါင်းမှ လွတ်မြောက်၍ ချမ်းသာ သုခနှင့် ပြည့်စုံကြပေလိမ့်မည်။

## သီလပေးသူရှိမှ ဥပုသ်ဆောက်တည်ကောင်းသလော

ဥပုသ် စောင့်သုံးရာမှာ သီလ ပေးသူ ရှိမှ ဆောက်တည်ကောင်း သလော, သီလ ပေးသူမရှိက မဆောက်တည်ကောင်း သလော ? ဟူသော ဝိဝါဒစကားရပ်ကို သံသယ ကင်း ပြတ်အောင် အဋ္ဌကထာ၌ လာသော စကားရပ်ကို ကြားညှပ်၍ ပြဆိုပါဦးအံ့။

အညံ့ အလဗ္ဘန္တေန အတ္တနာပိ အဓိဋ္ဌာတဗ္ဗံ။
ဝစီဘေဒေါ ပန ကာဘဗ္ဗောယေဝ။

(ဥပေါသထသုတ် အဋ္ဌကထာ)

အညံ၊ ဥပုသ်ပေးတတ်သောသူကို။ အလဗ္ဘန္တေန၊ မရသဖြင့်။ ဝါ၊ မရသည်ရှိသော်။ အတ္တနာပိ၊ မိမိကိုယ်တိုင်လည်း။ အဓိဋ္ဌာတဗ္ဗံ၊ သီလဆောက်တည်အပ်၏။ ဝါ၊ သီလ ဆောက်တည်ကောင်း၏။ ဝစီဘေဒေါပန၊ နှုတ်မြွက်ခြင်းကိုကား။ ကာတဗ္ဗောယေဝ၊ ပြုအပ်သည်သာတည်း။ ဝါ၊ ပြုရမည်သာတည်း။

ဖေါ်ပြပြီးအဌကထာစကားရပ်ကို ထောက်ထားပါ က၊ သီလပေးတတ်သောသူ မရှိခဲ့လျှင် မိမိကိုယ်တိုင်ပင် ဘုရားရှေ့မှာ နှုတ်က မြွက်ဆို၍ သီလ ဆောက် တည် ကောင်း၏ဟု မှတ်ရမည်။ သီလပေးတတ်သူ ရှိလျှင်လည်း ထိုသီလပေးတတ်သူ၏ အထံမှာပင် သီလဆောက်တည် နိုင်ပါ၏။

### သီလစင်ကြယ်လျှင် ဆုတောင်းပြည့်ပုံကိုပြဆိုခြင်း

ပြဆိုခဲ့ပြီးသောငါးပါးသီလ,ရှစ်ပါးသီလ, ဆယ်ပါး သီလတို့တွင် တခုခုကို လုံခြုံစွာ စောင့်ရှောက် ဆောက် တည်ပြီးသောသူသည်-

"ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ" ချစ်သားအပေါင်းတို့၊ သီလရှိသောသူအား စင်ကြယ်သောကြောင့် စိတ်၏တောင့်တမှုသည် ပြည့်စုံ ၏ဟု မြတ်စွာဘုရား မိန့်မှာထားတော်မူခဲ့သောကြောင့် မိမိဆောက်တည်အပ်သောသီလ စင်ကြယ် ပြည့်စုံ လုံခြုံ ပါက၊ မိမိအလိုရှိသော ဆုပတ္ထနာကိုတောင်းလျှင် မိမိ အလိုရှိအပ်သော ဆုပတ္ထနာ ပြည့်စုံစွာ ရရှိလိမ့်မည်ဟု မမှိတ်မသုံ ယုံယုံကြည်ကြည် မှတ်သားပါလေ။

ထိုသို့ မြတ်စွာဘုရားမိန့်ထားတော်မူခဲ့သောကြောင့် ဗုဒ္ဓဘာသာသူတော်စင်အပေါင်းတို့သည် အလှူဒါန ပြု သောအခါ၊ဘာဝနာပွားများသောအခါ "သီလဝိသုဒ္ဓိ" သီလစင်ကြယ်ဘို့, သီလလုံခြုံဘို့ အရေးကြီးလှပေသည်။ သီလစင်ကြယ်, သီလ လုံခြုံမှု ရှိကြမည်ဆိုလျှင် မိမိတို့ လိုလား တောင့်တအပ်သော ဆုပတ္ထနာနှင့် ပြည့်စုံစွာ ရရှိကြပေလိမ့်မည်။

## ဥပုသ်သည် အမျိုးအစား

ဥပုသ်စောင့်သောသူတော်စင်သည် မိမိ စောင့် သုံးဆောက်တည်သောဥပုသ်သည် အမျိုးအစားအဘယ်မျှ အပြားရှိသည်ကို သိသာထင်ရှားစေရန် မြတ်စွာဘုရား ဟောထားတော်မူခဲ့သော ဒေသနာတော်ကို ထုတ်ဖေါ်ကာ ပြဆိုပေအံ့။

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် မိဂါရမာတာဝိသာခါ၏ ပြာသာဒ်ဖြစ်သော ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဝိသာခါကျောင်းအမကြီးသည် ထိုဥပုသ်နေ့၌ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ထိုင်နေ၏။ တခုသောနေရာ၌ ထိုင်နေသော ဝိသာခါကျောင်းအမကြီးအား မြတ်စွာဘုရားက မိန့်တော်မူသည်မှာ၊ "ဝိသာခါ-နေမွန်းတည့် အခါကြီး၌ အဘယ်အရပ်မှ သင် လာခဲ့သနည်းဟုမိန့်တော်မူ၏။ ထိုသို့ မိန့်တော်မူသောအခါ ဝိသာခါကျောင်းအမကြီးက အရှင်ဘုရား ယနေ့ ဥပုသ်နေ့ဖြစ်ပါသည်အရှင်ဘုရား၊ တပည့်တော်ဥပုသ်ကျင့်သုံးပါသည်အရှင်ဘုရား" ဟု လျှောက်ထားလေ၏။

## ဥပုသ်သုံးမျိုး

ထိုအခါ မြတ်စွာဘုရားက မိန့် တော် မူသည် မှာ၊ ဝိသာခါဥပုသ်သည်တို့သည်ဤသုံးမျိုးတို့တည်း၊သုံးမျိုးတို့ဟူသည် အဘယ်နည်းဟူမူ—

၁။ ဂေါပါလကုပေါသထ-နွားကျောင်းသားဥပုသ်။

၂။ နိဂဏ္ဌုပေါသထ - တက္ကတွန်းဥပုသ်။
၃။ အရိယုပေါသထ - အရိယာဥပုသ်အားဖြင့် သုံးမျိုး တို့ပင်တည်း။

## နွားကျောင်းသား ဥပုသ်

ဂေါပါလကုပေါသထ၊ နွားကျောင်းသား ဥပုသ်။ ဝိသာခါ နွားကျောင်းသား "ဂေါပါလ" ဥပုသ်သည် အဘယ်သို့ဖြစ်သနည်း၊ဝိသာခါ နွားကျောင်းသားသည် ညနေချမ်းအခါ၌ နွားရှင်တို့အား နွားတို့ကိုအပ်နှင်း၍ "ယနေ့ နွားတို့သည် ဤမည်-ဤမည်သောအရပ်၌ ကျက်စားခဲ့ကြကုန်၏၊ ဤမည် - ဤမည်သော အရပ်၌ ရေသောက်ခဲ့ကြကုန်၏၊ နက်ဖြန် နွားတို့သည် ဤမည်-ဤမည်သောအရပ်၌ ကျက်စားရကုန်လတ္တံ့၊ဤမည်-ဤမည်သောအရပ်၌ ရေသောက်ရကုန်လတ္တံ့"ဟု ဆင်ခြင်သကဲ့သို့၊ အချို့သော ဥပုသ်သည်, သည် "ယနေ့ ငါသည် ဤမည်-ဤမည်သော ခဲဘွယ်ကို ခဲခဲ့၏၊ ဤမည်-ဤမည်သော စားဘွယ်ကိုစားခဲ့၏၊ နက်ဖြန် ငါသည် ဤမည်-ဤမည်သော ခဲဘွယ်ကို ခဲရလတ္တံ့၊ ဤမည်-ဤမည်သော စားဘွယ်ကို စားရလတ္တံ့"ဟု ဆင်ခြင်၏။ ထိုသူသည် ထို မက်မောခြင်း"အဘိဇ္ဈာ"နှင့်တကွသောစိတ်ဖြင့် နေ့ကို ကုန်လွန်စေ၏။ ဝိသာခါ နွားကျောင်းသားဥပုသ်သည် ဤသို့ဖြစ်၏။ ဝိသာခါ ဤသို့ ကျင့်သုံးအပ်သော နွားကျောင်းသားဥပုသ်သည် ကြီးမြတ်သော အကျိုးမရှိ၊ ကြီးမြတ်သော အာနိသင်မရှိ၊ ကြီးမြတ်သော အရောင်အလင်းမရှိ၊ ကြီးမြတ်သော ပြန့်နှံ့ခြင်းမရှိ။

[ဥပုသ်စောင့်သုံးသော သီတင်းသည်များ သတိပြု ဆင်ခြင်ကြရမည်မှာ၊တနေ့တရက် ဥပုသ်စောင့်ကြသော အခါ မိမိတို့ စောင့်သုံးသောဥပုသ်ကို မကျိုးမပေါက် မပြောက်မကြားရအောင် မိမိစောင့်သုံးသော ဥပုသ်ကို အာရုံပြု၍ နေသင့်ပေသည်။ သို့မှသာ မိမိတို့စောင့်သုံး သော သီလသည် ကြီးမြတ်သော အကျိုးရှိပေလိမ့်မည်။ ထိုသို့မဟုတ်ဘဲ ဥပုသ်စောင့်သုံးပြီးမိမိတို့စောင့်သုံးသော ဥပုသ်ကို အာရုံမပြု မဆင်ခြင်ဘဲ အခြားကိစ္စ အာရုံနှင့် အချိန်ကို ကုန်လွန်စေမည်ဆိုလျှင် မိမိတို့စောင့်သုံးသော ဥပုသ်သည်ကြီးမြတ်သော အကျိုးအာနိသင်ကို ရရှိလိမ့် မည် မဟုတ်ပေ။]

## တဏ္ဍုတွန်း ဥပုသ်

နိဂဏ္ဌုပေါသထ၊ တဏ္ဍုတွန်း ဥ ပုသ်။ ဝိသာခါ တဏ္ဍုတွန်းဥပုသ်သည် အဘယ်သို့ဖြစ်သနည်း၊ ဝိသာခါ ရဟန်းဇာတ် (ရဟန်းအမည်ခံ) တဏ္ဍုတွန်းတို့ မည်သည် ရှိကုန်၏။ ထိုတဏ္ဍုတွန်းရဟန်းတို့သည် မိမိတို့တပည့်ကို "အမောင်ယောကျ်ား သင်သည် အရှေ့အရပ် ယူဇနာ တရာ အပြင်ဘက်၌ရှိသောသတ္တဝါတို့၌ လက်နက်ကို ချ ထားလော့(ယူဇနာတရာအပြင်ဘက်၌ရှိသော သတ္တဝါ တို့ကို နှိပ်စက် သတ်ဖြတ်ခြင်း မပြုရဟု ဆိုလိုသည်) အနောက် အရပ် ယူဇနာ တရာ အပြင်ဘက်၌ ရှိသော သတ္တဝါတို့၌ လက်နက်ကိုချထားလော့၊ မြောက် အရပ် ယူဇနာတရာအပြင်ဘက်၌ရှိသောသတ္တဝါတို့၌လက်နက် ကို ချထားလော့၊တောင်အရပ် ဇနာတရာ အပြင်ဘက်၌ ရှိသော သတ္တဝါတို့၌ လက်နက်ကို ချထားလော့" ဟု

ဆောက်တည်စေကုန်၏။ ဤသို့လျှင် အချို့သောသတ္တဝါ တို့ကို သနားခြင်း စောင့်ရှောက်ခြင်းငှါ ဆောက်တည် စေကုန်၏၊ ထို ကဏ္ဍတွင်း ရဟန်းတို့သည် ဥပုသ်နေ့၌ တပည့်ကို "အမောင် ယောကျ်ား သင်သည် အဝတ် အားလုံးကို ချွတ်ချပြီးလျှင်၊ ဤသို့ဆိုလော့" "ငါသည် တစုံတခုသော အရပ်၊ တစုံတခုသော အခါဝယ်၊ တစုံ တယောက်သော သူအတွက်၊ ကြောင့်ကြမှုမဖြစ်၊ ငါ၏ အတွင်းအပ သန္တာန်ဝယ် တစုံတခုသော ပရိက္ခရာ၌ သော်လည်း ကြောင့်ကြမှုမရှိ" ဟု ဆိုလော့ဟူ၍ဆောက် တည်စေကုန်၏။ ဤသို့ပင် ဆောက်တည်စေသော်လည်း ထိုသူ၏ အမိအဖတို့သည် "ဤသူကား ငါတို့၏သား တည်း" ဟု သိကုန်၏။ ထိုသူကလည်း "ဤသူတို့ကား ငါ၏ အမိအဖတို့တည်း" ဟုသိ၏။ ထိုသူ၏ သားမယား တို့သည်လည်း "ဤသူကား ငါတို့ကိုလုပ်ကျွေးသူ အရှင် လင်တည်း" ဟု သိကုန်၏။ ထိုသူကလည်း "ဤသူကား ငါ၏ သားမယားတည်း" ဟုသိ၏။ ထိုသူ၏ ကျွန် အလုပ် သမားယောကျ်ားတို့သည်လည်း "ဤသူကား ငါတို့၏ သခင်တည်း" ဟု သိကုန်၏။ ထိုသူကလည်း "ဤသူတို့ သည် ငါ၏ ကျွန် အလုပ်သမားယောကျ်ားတို့တည်း" ဟု သိ၏။ ဤသို့လျှင် အမှန်တရားကို ဆောက်တည်စေရာ အခါ၌ပင် မမှန်သောစကားဆိုခြင်းကို ဆောက်တည်စေ သည်မည်ကုန်၏။ ထိုသူ၏ ဤသို့ဆောက်တည်ခြင်းကို မမှန်သောစကားဆိုခြင်းဟု ငါဆို၏။ ထိုသူသည် ထိုည၌ ကိုလွန်သဖြင့် စည်းစိမ်တို့ကို မပေးဘဲသာလျှင်သုံးဆောင် ၏။ ထိုသူ၏ ဤသို့ သုံးဆောင်ခြင်းကို မပေးသည်ကိုယူ

ခြင်းဟု ငါဆို၏။ ဝိသာခါ တက္ကတွန်း ဥပုသ်သည် ဤသို့ဖြစ်၏။ ဝိသာခါ ဤသို့ကျင့်သုံးအပ်သော တက္ကတွန်း ဥပုသ်သည် ကြီးမြတ်သောအကျိုးမရှိ။ ကြီးမြတ်သော အာနိသင်မရှိ။ ကြီးမြတ်သော အရောင်အလင်းမရှိ။ကြီး မြတ်သော ပြန့်နှံ့ခြင်းမရှိ။

## အရိယာဥပုသ်

အရိယုပေါသထ၊ အရိယာဥပုသ်။ ဝိသာခါ အရိယာ ဥပုသ်သည် အဘယ်သို့ဖြစ်သနည်း။ ဝိသာခါ ညစ်ညူးသောစိတ်ကို လုံ့လပြုသဖြင့် ဖြူစင်စေနိုင်ခြင်း တည်း။ ဝိသာခါ ညစ်ညူးသော စိတ်ကို လုံ့လပြုသဖြင့် အဘယ်သို့ ဖြူစင်စေနိုင်သနည်း။ ဝိသာခါ အရိယာ ဖြစ်သော တပည့်သည် မြတ်စွာဘုရား၏ ဂုဏ်ကို အဖန် တလဲလဲအောက်မေ့၏။

## ဘုရားဂုဏ်တော် ၉-ပါးအာရုံပြုပုံ

"သောဘဂဝါ ဣတိပိ အရဟံ" ထိုမြတ်စွာဘုရား သည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်း ကြောင့်လည်း အရဟံ မည်တော်မူပေ၏။

"သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ" ထိုမြတ်စွာ ဘုရားသည် အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသောအကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

"သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော" ထို မြတ်စွာဘုရားသည် အသိဉာဏ်"ဝိဇ္ဇာ"အကျင့်"စရဏ"

နှင့် ပြည့်စုံတော်မူသောအကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏ သမ္ပန္န မည်တော်မူ၏။

"သောဘဂဝါ ဣတိပိ သုဂတော" ထိုမြတ်စွာဘုရားသည် ကောင်းသော စကားကို ဆိုတော် မူတတ်သောအကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏။

"သောဘဂဝါ ဣတိပိ လောကဝိဒူ" ထိုမြတ်စွာဘုရားသည် လောကကို သိတော်မူ သော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏။

"သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဒမ္မသာရထိ" ထိုမြတ်စွာဘုရားသည် ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသောအကြောင်းကြောင့်လည်း အနုတ္တရောပုရိသ ဒမ္မသာရထိ မည်တော်မူ၏။

"သောဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ" ထိုမြတ်စွာဘုရားသည် လူ နတ် တို့၏ဆရာဖြစ်တော်မူသောအကြောင်းကြောင့်လည်း သတ္ထာဒေဝ မနုဿာန မည်တော်မူ၏။

"သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ" ထိုမြတ်စွာဘုရားသည် သစ္စာ လေးပါး တရား တို့ကို သိတော် မူသောအကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏။

"သောဘဂဝါ ဣတိပိ ဘဂဝါ" ထိုမြတ်စွာဘုရားသည် ဘုန်းတန်ခိုး ကြီးတော်မူသောအကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏ ဟု မြတ်စွာဘုရား၏ဂုဏ်ကို အဖန်တလဲလဲအောက်မေ့၏။ မြတ်စွာဘုရား၏ဂုဏ်ကို အဖန်တလဲလဲအောက်မေ့သော ထိုသူ၏ စိတ်သည် ကြည်

လင်၏၊ ဝမ်းမြောက်ခြင်းဖြစ်၏၊ စိတ်၏ညစ်ညူးကြောင်း ကိလေသာတို့သည် ပျောက်ကင်းကုန်၏။ ဝိသာခါ ညစ်နွမ်းသော ဦးခေါင်းကို လွှံလပြုသဖြင့် ဖြူစင်စေသကဲ့သို့ တည်း။

ဝိသာခါ ညစ်နွမ်းသောဦးခေါင်းကို လွှံလပြုသဖြင့် အဘယ်သို့ ဖြူစင်စေသနည်း။ သျှိသျှားမှုန့်ကိုရင်း၊ မြေညက်ကိုရင်း၊ ရေကိုရင်း၊ ထိုအားလျော်သော လွှံလကိုရင်း အစွဲပြု၍ ဖြူစင်စေ၏။ ဝိသာခါ ညစ်နွမ်းသော ဦးခေါင်းကို လွှံလပြုသဖြင့် ဤသို့ ဖြူစင်စေ၏။ ဝိသာခါ ဤအတူသာလျှင် ညစ်ညူးသောစိတ်ကို လွှံလပြုသဖြင့် အဘယ်သို့ ဖြူစင် စေနိုင်သနည်း။ ဝိသာခါ အရိယာ တပည့်သည် မြတ်စွာဘုရား၏ ဂုဏ်ကို အဖန် တလဲလဲ အောက်မေ့၏။ "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း၊ အရဟံ မည်တော်မူ၏၊ ထို မြတ်စွာဘုရားသည် အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသောအကြောင်းကြောင့်လည်း၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် "ဝိဇ္ဇာ" အကျင့် "စရဏ" နှင့် ပြည့်စုံသော အကြောင်းကြောင့် လည်း ဝိဇ္ဇာစရဏသမ္ပန္န မည် တော် မူ ၏။ ကောင်း သော စ ကား ကို ဆို တော် မူ တတ် သော အကြောင်း ကြောင့် လည်း သုဂတ မည်တော် မူ၏။ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း၊ လောကဝိဒူ မည်တော်မူ၏။ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသောအကြောင်းကြောင့် လည်း အနုတ္တရောပုရိသ ဒမ္မသာရထိ မည်တော် မူ၏။

နတ်၊လူ တို့၏ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏။ သစ္စာလေးပါးတရားတို့ကိုသိတော်မူသောအကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏။ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏”ဟု မြတ်စွာဘုရား၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့၏။ မြတ်စွာဘုရား၏ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့သော ထိုသူ၏စိတ်သည် ကြည်လင်၏၊ ဝမ်းမြောက်ခြင်းဖြစ်၏၊ စိတ်ညစ်ညူးကြောင်း ကိလေသာတို့သည် ပျောက်ကင်းကုန်၏။ ဝိသာခါ ဤအရိယာဖြစ်သော တပည့်ကို ဗြဟ္မာ့ ဥပုသ်ကို ကျင့်သုံးသူ၊ မြတ်စွာဘုရားနှင့်အတူနေရသူ၊ မြတ်စွာဘုရားကို အာရုံပြု၍ စိတ်ကြည်လင်သူ၊ ဝမ်းမြောက်သူ၊ စိတ်ညစ်ညူးကြောင်း ကိလေသာကင်းပျောက်သူဟု ဆိုအပ်၏။ ဝိသာခါ ညစ်ညူးသော စိတ်ကို ဤသို့လပြုသဖြင့် ဤသို့ ဖြူစင်စေနိုင်၏။

ဝိသာခါ ညစ်ညူးသောစိတ်ကို လုံ့လပြုသဖြင့် ဖြူစင်စေနိုင်၏၊ ဝိသာခါ ညစ်ညူးသော စိတ်ကို လုံ့လပြုသဖြင့် အဘယ်သို့ ဖြူစင်စေနိုင်သနည်း။ ဝိသာခါ အရိယာတပည့်သည် တရားတော်၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့၏။

## တရားဂုဏ်တော် ၆-ပါးအာရုံပြုပုံ

“သွာက္ခာတော ဘဂဝတာ ဓမ္မော” တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောထားသော တရားတော်ပါပေတည်း။

"သန္ဒိဋ္ဌိကော ဓမ္မော" တရားတော်သည် ကိုယ်တိုင် သိမြင်နိုင်သော တရားတော်ပါပေတည်း။

"အကာလိကော ဓမ္မော" တရားတော်သည် အခါ မလင့် အကျိုးပေးသော တရားတော်ပါပေတည်း။

"ဧဟိပဿိကော ဓမ္မော" တရားတော်သည် လာ လှည့်၊ ရှုလှည့် ဟု ဆောင်ပြထိုက်သော တရားတော်ပါ ပေတည်း။

"ဩပနေယျိကော ဓမ္မော" တရားတော်သည် မိမိ ကိုယ်ထဲ၊ စိတ်ထဲ၌ ဆောင်ယူထားထိုက်သောတရားတော် ပါပေတည်း။

"ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဓမ္မော"တရားတော် သည် အရိယာပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင်၊ ခံစား နိုင်သော တရားတော်ပါပေတည်း ဟု တရား တော်၏ ဂုဏ်ကို အဖန်တလဲလဲအောက်မေ့၏၊ တရားတော်၏ ဂုဏ် ကို အဖန်တလဲလဲ အောက်မေ့သော ထိုသူ၏ စိတ်သည် ကြည်လင်၏၊ ဝမ်းမြောက်ခြင်းဖြစ်၏၊ စိတ် ညစ်ညူး ကြောင်း ကိလေသာတို့သည် ပျောက် ကင်း ကုန် ၏၊ ဝိသာခါ ညစ်ညူးသော ကိုယ်ကို လုံ့လပြုသဖြင့် ဖြူစင် စေနိုင်သကဲ့သို့တည်း။

ဝိသာခါ ညစ်နွမ်းသော ကိုယ်ကို လုံ့လပြုသဖြင့် အဘယ်သို့ ဖြူစင်စေနိုင်သနည်း။ ကျောက်မှုန့်နှင့်ချိပ်ရော စပ်၍ပြုအပ်သော ချေးတွန်းရန် ဝတ္ထုကိုရင်း, ရေချိုး ကသယ်မှုန့်ကိုရင်း, ရေကိုရင်း, ထိုအားလျော်သော လုံ့လ ကိုရင်း အစွဲပြု၍ ဖြူစင်စေနိုင်၏၊ ဝိသာခါ ညစ်နွမ်း သော ကိုယ်ကို လုံ့လပြုသဖြင့် ဤသို့ ဖြူစင်စေနိုင်၏။

ဝိသာခါ ဤအတူသာလျှင် ညစ်ညူးသောစိတ်ကို လုံ့လပြုသဖြင့် အဘယ်သို့ ဖြူစင်စေနိုင်သနည်း။ ဝိသာခါ အရိယာတပည့်သည် တရားတော်၏ ဂုဏ်ကို အဖန်တလဲလဲအောက်မေ့၏“တရားတော်သည် မြတ်စွာဘုရားကောင်းစွာ ဟောထားတော်မူသော တရားတော်ပါပေတည်း၊ ကိုယ်တိုင် သိမြင်နိုင်သော တရား တော် ပါပေတည်း၊ အခါမလင့် အကျိုးပေးနိုင်သောတရားတော်ပါပေတည်း၊ လာလှည့်, ရှုလှည့်ဟု ဆောင်ပြထိုက်သောတရား တော် ပါပေ တည်း၊ မိမိ၏ ကိုယ်ထဲ, စိတ်ထဲ၌ဆောင်ယူ ထား ထိုက် သော တရားတော်ပါပေတည်း၊ အရိယာပညာရှိတို့သာ ကိုယ်စီ, ကိုယ်၌ သိနိုင်, ခံစားနိုင်သောတရားတော် ပါပေတည်း”ဟု တရားတော်၏ ဂုဏ်ကို အဖန်တလဲလဲအောက်မေ့၏၊ တရားတော်၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့သော ထိုပုဂ္ဂိုလ်၏ စိတ်သည် ကြည်လင်၏၊ ဝမ်းမြောက်ခြင်း ဖြစ်၏၊ စိတ်ညစ်ညူးကြောင်း ကိလေသာတို့သည် ပျောက်ကင်းကုန်၏၊ ဝိသာခါ ဤ အရိယာတပည့်ကို ဓမ္မ ဥပုသ်ကို ကျင့်သုံးသူ, တရားတော်နှင့်အတူနေသူ,တရားတော်ကိုအာရုံပြု၍စိတ်ကြည်လင်သူ, ဝမ်းမြောက်သူ, စိတ် ညစ်ညူး ကြောင်း ကိလေသာ ကင်းပျောက်သူ ဟု ဆိုအပ်၏။ ဝိသာခါ ညစ်ညူးသောစိတ်ကို လုံ့လပြုသဖြင့် ဤသို့ ဖြူစင်စေနိုင်၏။

ဝိသာခါ ညစ်ညူးသော စိတ်ကို လုံ့လပြုသဖြင့် ဖြူစင်စေနိုင်၏၊ဝိသာခါ ညစ်ညူးသောစိတ်ကိုလုံ့လပြုသဖြင့် အဘယ်သို့ ဖြူစင်စေနိုင်သနည်း။ ဝိသာခါ

အရိယာတပည့်သည် သံဃာတော်၏ဂုဏ်ကိုအဖန်တလဲလဲ အောက်မေ့၏။

### သံဃာဂုဏ်တော် ၉-ပါးအာရုံပြုပုံ

"သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော" မြတ်စွာဘုရား၏တပည့်သား သံဃာတော်သည် ကောင်းသော အကျင့်ရှိတော်မူပါပေ၏။

"ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော" မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ဖြောင့်မတ်သော အကျင့် ရှိတော်မူပါပေ၏။

"ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော" မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် မှန်ကန်သောအကျင့်ရှိတော်မူပါပေ၏။

"သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော" မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် လျော်ကန်သောအကျင့် ရှိတော်မူပါပေ၏။

အစုံအားဖြင့်လေးစုံ၊ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါး အရေအတွက်ရှိသော—

"အာဟုနေယျော ဘဂဝတော သာဝကသံဃော" ဤမြတ်စွာဘုရား၏တပည့်သားသံဃာတော်သည် အရပ်ဝေးမှ ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန်ထိုက်ပါပေ၏။

"ပါဟုနေယျော ဘဂဝတော သာဝကသံဃော" မြတ်စွာဘုရား၏တပည့်သားသံဃာတော်သည် ဧည့်သည်တို့အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ခံထိုက်ပါပေ၏။

“ဒက္ခိဏေယျော ဘဂဝတော သာဝကသံဃော” မြတ်စွာဘုရား၏တပည့်သားသံဃာတော်သည် တမလွန်အတွက် ရည်မျှော်သောအလှူကိုခံတော်မူထိုက်ပါပေ၏။

“အဉ္ဇလိကရဏီယော ဘဂဝတော သာဝကသံဃော” မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် လက်အုပ်ချီခြင်းငှါ ထိုက်ပါပေ၏။

“အနုတ္တရံ ပုညက္ခေတ္တံ လောကဿ ဘဂဝတော သာဝကသံဃော” မြတ်စွာဘုရား၏ တပည့်သားသံဃာတော်သည် သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်တော်မူပါပေ၏ ဟု သံဃာ တော် ၏ ဂုဏ်ကို အဖန် တလဲလဲအောက်မေ့၏။ သံဃာတော်၏ ဂုဏ်ကို အဖန်တလဲလဲအောက်မေ့သော ထိုသူ၏စိတ်သည် ကြည်လင်၏၊ ဝမ်းမြောက်ခြင်းဖြစ်၏၊ စိတ်၏ ညစ်ညူးကြောင်း ကိလေသာတို့ ပျောက်ကင်းကုန်၏။ ဝိသာခါ ညစ်နွမ်းသောအဝတ်ကို လုံ့သပြုသဖြင့် ဖြူစင်စေနိုင်သကဲ့သို့တည်း။

## ဂုဏ်တော်ဖြင့် စိတ်ကိုဖြူစင်စေနိုင်ခြင်း

ဝိသာခါ ညစ်နွမ်းသောအဝတ်ကို လုံ့လပြုသဖြင့် အဘယ်သို့ ဖြူစင်စေနိုင်သနည်း။ မီးဖြင့် ပေါင်းအပ်သောအငွေ့ကိုရင်း, ဆပ်ပြာကိုရင်း, နွားချေးကိုရင်း, ရေကိုရင်း,ထိုအား လျော်သောလုံ့လကိုရင်း အစွဲပြု၍ ဖြူစင်စေနိုင်၏။ ဝိသာခါ ညစ်နွမ်းသောအဝတ်ကို လုံ့လပြုသဖြင့် ဤသို့ ဖြူစင်စေနိုင်၏။ ဝိသာခါ ဤအတူသာလျှင် ညစ်ညူးသောစိတ်ကို လုံ့လပြုသဖြင့် ဖြူစင်စေနိုင်၏။ ဝိသာခါ ညစ်ညူးသော စိတ်ကို လုံ့လပြု

သဖြင့်အဘယ်သို့ဖြူစင်စေနိုင်သနည်း။ဝိသာခါ အရိယာ တပည့်သည် သံဃာတော်၏ ဂုဏ်ကို အဖန် တလဲလဲ အောက်မေ့၏ “မြတ်စွာဘုရား၏ တပည့်သား သံဃာ တော်သည် ဖြောင့်မတ်သော အကျင့်ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သားသံဃာတော်သည် မှန်ကန် သောအကျင့်ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏တပည့် သားသံဃာတော်သည် လျော်ကန်သောအကျင့်ရှိတော် မူပါပေ၏၊ အစုံအားဖြင့် လေးစုံ၊ ပုဂ္ဂိုလ် အား ဖြင့် ရှစ်ပါး အရေ အတွက် ရှိသော မြတ်စွာဘုရား၏ ဤ တပည့်သား သံဃာတော်သည် အရပ်ဝေးမှ ဆောင်လာ ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်ပါပေ၏၊ ဧည့်သည် တို့အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ခံထိုက် ပါပေ၏၊ တမလွန်အတွက် ရည်မျှော်သော အလှူကို ခံတော် မူထိုက် ပါပေ၏၊ လက်အုပ်ချီခြင်းငှါ ထိုက်ပါ ပေ၏၊သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်ပါပေ၏”ဟု သံဃာတော်၏ဂုဏ်ကို အဖန် တလဲလဲ အောက်မေ့၏၊ သံဃာတော်၏ ဂုဏ်ကို အဖန် တလဲလဲ အောက်မေ့သော ထိုသူ၏စိတ်သည် ကြည်လင် ၏၊ဝမ်းမြောက်ခြင်းဖြစ်၏၊စိတ်ညစ်ညူးကြောင်း ကိလေ သာတို့ ပျောက်ကင်း ကုန်၏။ ဝိသာခါ ဤ အရိယာ တပည့်ကိုသံဃဥပုသ်ကိုကျင့်သုံးသူ သံဃာတော်နှင့်အတူ နေသူ သံဃာတော်ကိုအာရုံပြု၍ စိတ်ကြည်လင်သူ ဝမ်း မြောက် စိတ်ညစ်ညူးကြောင်း ကိလေသာပျောက်ကင်း သူဟုဆိုအပ်၏။ဝိသာခါ စိတ်ညစ်ညူးသောစိတ်ကိုလုံ့လ ပြုသဖြင့် ဤသို့ဖြူစင်စေနိုင်၏။

## သီလဖြင့် စိတ်ကိုဖြူစင်စေနိုင်ခြင်း

ဝိသာခါ ညစ်ညူးသောစိတ်ကို လုံ့လပြုသဖြင့် ဖြူစင်စေနိုင်၏၊ ဝိသာခါ ညစ်ညူးသောစိတ်ကို လုံ့လပြုသဖြင့် အဘယ်သို့ ဖြူစင် စေနိုင် သနည်း။ ဝိသာခါ အရိယာတပည့်သည် မကျိုး မပေါက် မပြောက် မကျား မူ၍ တဏှာကျွန် အဖြစ်မှ လွတ်မြောက် လျက် ပညာရှိတို့ ချီးမွမ်းအပ်, မှားသောအားဖြင့် မသုံးသတ်အပ်, တည်ကြည်မှုကို ဖြစ်စေတတ်သော မိမိ၏ သီလတို့ကို အဖန်တလဲလဲ အောက်မေ့၏၊ အောက်မေ့သော ထိုသူ၏ စိတ်သည် တည်ကြည်၏၊ ဝမ်းမြောက်ခြင်းဖြစ်၏၊ စိတ်ညစ်ညူးကြောင်း ကိလေသာတို့ပျောက်ကင်းကုန်၏။ ဝိသာခါ ညစ်နွမ်းသောကြေးမုံကို လုံ့လပြုသဖြင့် ဖြူစင် စေနိုင်သကဲ့သို့တည်း။

ဝိသာခါ ညစ်နွမ်းသောကြေးမုံ (မှန်)ကို လုံ့လပြုသဖြင့် အဘယ်သို့ဖြူစင်စေနိုင်သနည်း။ ဆီကိုရင်း, ပြာကိုရင်း, သားမြီး သင်ပန်းလျှော်ခွေကိုရင်း, ထိုအားလျော်သောလုံ့လကိုရင်း အစွဲပြု၍ ဖြူစင်စေနိုင်၏။ ဝိသာခါ ညစ်နွမ်းသော ကြေးမုံ(မှန်)ကို လုံ့လပြုသဖြင့် ဤသို့ ဖြူစင်စေနိုင်၏၊ ဝိသာခါ ဤအတူသာလျှင် ညစ်ညူးသောစိတ်ကို လုံ့လပြုသဖြင့် ဖြူစင်စေနိုင်၏၊ ဝိသာခါ ညစ်နွမ်းသောစိတ်ကို လုံ့လပြုသဖြင့် အဘယ်သို့ ဖြူစင်စေနိုင်သနည်း။ ဝိသာခါ အရိယာတပည့်သည် မကျိုး မပေါက် မပြောက် မကျားမူ၍ တဏှာကျွန် အဖြစ်မှ လွတ်မြောက်လျက် ပညာရှိတို့ ချီးမွမ်းအပ်, မှားသော

အားဖြင့် မသုံးသတ်အပ်, တည်ကြည်မှုကို ဖြစ်စေတတ်သော မိမိ၏သီလတို့ကို အဖန်တလဲလဲ အောက် မေ့ ၏။ သီလကို အဖန်တလဲလဲ အောက်မေ့သော ထိုသူ၏ စိတ်သည် ကြည်လင်၏၊ ဝမ်းမြောက်ခြင်း ဖြစ်၏၊ စိတ်၏ ညစ်ညူးကြောင်း ကိလေသာတို့ ပျောက်ကင်း ကုန်၏။ ဝိသာခါ ဤအရိယာတပည့်ကို သီလဥပုသ်ကိုကျင့်သုံးသူ သီလနှင့်အတူနေသူ သီလကိုအာရုံပြု၍ စိတ်ကြည်လင်သူ ဝမ်းမြောက်သူ စိတ်ညစ်ညူးကြောင်း ကိလေသာ ပျောက်ကင်းသူဟုဆိုအပ်၏။ ဝိသာခါ ညစ်ညူးသော စိတ်ကို လုံ့လပြုသဖြင့် ဤသို့ဖြူစင်စေနိုင်၏။

ဝိသာခါ ညစ်ညူးသောစိတ်ကိုလုံ့လပြုသဖြင့် ဖြူစင်စေနိုင်၏။ ဝိသာခါ ညစ်ညူးသောစိတ်ကို လုံ့လပြုသဖြင့် အဘယ်သို့ ဖြူစင် စေနိုင် သနည်း။ ဝိသာခါ အရိယာတပည့်သည် နတ်တို့ကို သက်သေထား၍ မိမိ၏ သဒ္ဓါစသောဂုဏ်ကို တဖန်တလဲလဲအောက်မေ့၏၊ "စတုမဟာရာဇ်နတ်, တာဝတိံသာနတ်, ယာမာနတ်, တုသိတာနတ်, နိမ္မာနရတိနတ်, ပရနိမ္မိတဝသဝတ္တီနတ် ဖြဟ္မာအထက်အထက် ဖြဟ္မာတို့သည်ရှိကုန်၏၊ သဒ္ဓါတရားနှင့်ပြည့်စုံသောထိုနတ်တို့သည် ဤလူ့ဘုံမှစုတေ၍ ထိုနတ်ဘုံတို့၌ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုသဒ္ဓါတရားမျိုးသည် ရှိ၏၊ သီလနှင့်ပြည့်စုံသော ထိုနတ်တို့သည် ဤလူ့ဘုံမှ စုတေ၍ ထိုနတ်ဘုံတို့၌ ဖြစ်ကုန်၏၊ ငါ့အားလည်း ထို သီလမျိုးသည်ရှိ၏၊ အကြားအမြင်နှင့် ပြည့်စုံသော ထို နတ်တို့သည် ဤလူ့ဘုံမှစုတေ၍ ထိုနတ်ဘုံတို့၌ ဖြစ်ကုန်၏၊ ငါ့အားလည်း ထို အကြားအမြင် မျိုးသည် ရှိ၏၊

စွန့်ကြဲခြင်းနှင့် ပြည့်စုံသော ထိုနတ်တို့သည် ဤလူ့ဘုံမှ စုတေ၍ ထိုနတ်ဘုံ၌ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုစွန့်ကြဲခြင်းမျိုးသည်ရှိ၏၊ ပညာနှင့်ပြည့်စုံသော ထိုနတ်တို့သည် ဤလူ့ဘုံမှ စုတေ၍ ထိုနတ်ဘုံတို့၌ ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုပညာမျိုးသည်ရှိ၏" ဟုမိမိ၏ရင်း,နတ်တို့၏ရင်း သဒ္ဓါတရားအကျင့်သီလ အကြားအမြင်စွန့်ကြဲပေးကမ်းခြင်း ဉာဏ်ပညာတို့ကို အဖန်တလဲလဲ အောက်မေ့သော ထိုသူ၏စိတ်သည် ကြည်လင်၏၊ ဝမ်းမြောက်ခြင်းဖြစ်၏၊ စိတ်ညစ်ညူးကြောင်း ကိလေသာတို့ ပျောက်ကင်းကုန်၏။ ဝိသာခါ ညစ်နွမ်းသော ရွှေ,ငွေကို လုံ့လပြုသဖြင့် ဖြူစင်စေနိုင်သကဲ့သို့တည်း။

ဝိသာခါ ညစ်နွမ်းသော ရွှေ, ငွေကို လုံ့လပြုသဖြင့် အဘယ်သို့ဖြူစင်စေနိုင်သနည်း။မိုက်လုံဝကိုရင်း,ဆားငံမြေကိုရင်း, ကွေနီမှုန့်ကိုရင်း, မီးပြောင်းနှင့် ညှပ်ကိုရင်း, ထိုအားလျော်သောလုံ့လကိုရင်း အစွဲပြု၍ ဖြူစင်စေနိုင်၏။ဝိသာခါ ညစ်နွမ်းသောရွှေ,ငွေကိုလုံ့လပြုသဖြင့် ဤသို့ဖြူစင်စေနိုင်၏။ဝိသာခါ ဤအတူသာလျှင်ညစ်ညူးသောစိတ်ကိုလုံ့လပြုသဖြင့် ဖြူစင်စေနိုင်၏။ ဝိသာခါ ညစ်ညူးသောစိတ်ကိုလုံ့လပြုသဖြင့် အဘယ်သို့ဖြူစင်စေနိုင်သနည်း။ ဝိသာခါ အရိယာတပည့်သည် နတ်တို့ကိုသက်သေထား၍ မိမိ၏သဒ္ဓါစသောဂုဏ်ကို အဖန်တလဲလဲ အောက်မေ့၏။ "စတုမဟာရာဇ်နတ်, တာဝတိံသာနတ်, ယာမာနတ်, တုသိတာနတ်, နိမ္မာနရတိနတ်, ပရနိမ္မိတ ဝသဝတ္တီနတ်, ဗြဟ္မာ အထက်အထက်ဗြဟ္မာတို့သည်ရှိကုန်၏၊ သဒ္ဓါတရားနှင့် ပြည့်စုံကုန်သော

ထိုနတ်တို့သည် ဤလူ့ဘုံမှ စုတေ၍ ထိုနတ်ဘုံတို့၌ ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုသဒ္ဓါတရားမျိုးသည် ရှိ၏၊ သီလနှင့်ပြည့်စုံကုန်သောထိုနတ်တို့သည် ဤလူ့ဘုံမှစုတေ၍ ထိုနတ်ဘုံတို့၌ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုသီလမျိုးသည် ရှိ၏၊ အကြားအမြင်နှင့် ပြည့်စုံကုန်သော ထိုနတ်တို့သည် ဤလူ့ဘုံမှ စုတေ၍ ထိုနတ်ဘုံတို့၌ ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုအကြားအမြင်မျိုးသည် ရှိ၏၊ စွန့်ကြဲခြင်းနှင့်ပြည့်စုံကုန်သောထိုနတ်တို့သည် ဤလူ့ဘုံမှစုတေ၍ ထိုနတ်ဘုံတို့၌ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုစွန့်ကြဲခြင်းမျိုးသည်ရှိ၏၊ ပညာနှင့်ပြည့်စုံသောထိုနတ်တို့သည် ဤလူ့ဘုံမှစုတေ၍ ထိုနတ်ဘုံတို့၌ ဖြစ်ကုန်၏၊ ငါ့အားလည်း ထိုပညာမျိုးသည်ရှိ၏”ဟု မိမိ၏ရင်း ထိုနတ်တို့၏ရင်း သဒ္ဓါ အကျင့် သီလ အကြားအမြင် စွန့်ကြဲပေးကမ်းခြင်း ဉာဏ်ပညာတို့ကို အဖန်တလဲလဲ အောက်မေ့သော ထိုသူ၏စိတ်သည် ကြည်လင်၏၊ ဝမ်းမြောက်ခြင်းဖြစ်၏၊စိတ်ညစ်ညူးကြောင်းကိလေသာတို့ ပျောက်ကင်းကုန်၏။ ဝိသာခါ ဤအရိယာတပည့်ကို ဒေဝတာဥပုသ်ကိုကျင့်သုံးသူ, နတ်တို့နှင့် အတူနေသူ, နတ်တို့ကို သက်သေထား၍ မိမိ၏ သဒ္ဓါစသောဂုဏ်ကို အာရုံပြု၍ စိတ်ကြည်လင်သူ,ဝမ်းမြောက်သူ, စိတ်ညစ်ညူးကြောင်းကိလေသာ ပျောက်ကင်းသူဟုဆိုအပ်၏။ ဝိသာခါ ညစ်ညူးသောစိတ်ကို လုံ့လပြုသဖြင့် ဤသို့ဖြူစင်စေနိုင်၏။

ဝိသာခါ ထိုအရိယာတပည့်သည် ဤသို့ ဆင်ခြင်၏၊ ရဟန္တာတို့သည် အသက်ရှည်သမျှ ကာလပတ်လုံး သူ့အသက်သတ်ခြင်းကိုပယ်၍ သူ့အသက်သတ်ခြင်းမှရှောင်

ကြဉ်ကုန်၏၊ တုတ်ကိုချထားပြီးဖြစ်ကုန်၏၊ လက်နက်ကို ချထားပြီး ဖြစ်ကုန်၏၊ ရှက်ခြင်း ရှိကုန်၏၊ သနားတတ်ကုန်၏၊ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားကို လိုလားလျက်နေကုန်၏။ယနေ့ငါသည်လည်း ဤညဉ့်, ဤနေ့ ပတ်လုံး သူ့အသက် သတ်ခြင်းကိုပယ်၍ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်လျက်၊ တုတ်ကို ချထားလျက်၊ လက်နက်ကို ချထားလျက်၊ ရှက်ခြင်းရှိလျက်၊ သနားလျက်၊ ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွားကို လိုလားလျက် နေပါအံ့၊ ဤအကြောင်း အင်္ဂါ ဖြင့်လည်း ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဉပုသ်ကျင့်ပြီးလည်း ဖြစ်လိမ့်မည်။

ရဟန္တာပုဂ္ဂိုလ်တို့သည် အသက်ရှည်သမျှ ကာလပတ်လုံး မပေးသည်ကိုယူခြင်းဌပယ်၍ မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ပေးသည်ကိုသာယူကုန်၏၊ ပေးသည်ကိုသာလျှင် အလိုရှိကုန်၏၊ မခိုးမဝှက် စင်ကြယ်သောကိုယ်ဖြင့်နေကုန်၏။ယနေ့ငါသည်လည်း ဤညဉ့်,ဤနေ့ ပတ်လုံး မပေးသည်ကိုယူခြင်းကိုပယ်၍၊မပေးသည်ကို ယူခြင်းမှရှောင်ကြဉ်လျက်၊ပေးသည်ကိုသာ ယူခလေ့ရှိသည်ဖြစ်၍ ပေးသည်ကိုသာလျှင် အလိုရှိသည်ဖြစ်၍မခိုးမဝှက် စင်ကြယ်သောကိုယ်ဖြင့်နေပါအံ့၊ ဤအကြောင်း အင်္ဂါ ဖြင့်လည်း ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဉပုသ်ကျင့်သုံးပြီးလည်းဖြစ်လိမ့်မည်။

ရဟန္တာပုဂ္ဂိုလ်တို့သည် အသက်ရှည်သမျှကာလပတ်လုံး မမြတ်သောအကျင့်ကိုပယ်၍ မြတ်သောအကျင့်ကို ကျင့်လေ့ရှိကုန်၏၊ မမြတ်သောအကျင့်မှ ဝေးစွာ ရှောင်

ကြဉ်ကုန်၏၊ ရွာနေသူတို့ အလေ့ဖြစ်သော မေထုန် အကျင့်မှ ရှောင်ကြဉ်ကုန်၏။ ယနေ့ ငါသည်လည်း ဤ ညဉ့်,ဤနေ့ပတ်လုံး မမြတ်သော အကျင့်ကိုပယ်၍ မြတ်သော အကျင့်ကို ကျင့်လျက်၊ မမြတ်သော အကျင့်မှ ဝေးစွာရှောင်ကြဉ်သည်ဖြစ်၍ ရွာသူတို့အလေ့ဖြစ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ပါအံ့၊ဤအကြောင်းအင်္ဂါ ဖြင့်လည်း ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးပြီးလည်းဖြစ်လိမ့်မည်။

ရဟန္တာပုဂ္ဂိုလ်တို့သည် အသက်ရှည်သမျှ ကာလပတ် လုံး မဟုတ်မမှန်ပြောဆိုခြင်းကိုပယ်၍ မဟုတ်မမှန်ပြော ဆိုခြင်းမှရှောင်ကြဉ်ကုန်၏၊အမှန်ကိုသာဆိုလေ့ရှိကုန်၏၊ မှန်သောစကားချင်းဆက်စပ်ကုန်၏၊ တည်သော စကား ရှိကုန်၏၊ယုံကြည်ထိုက်သောစကားရှိကုန်၏၊ လောကကို မလှည့်စားတတ်ကုန်။ ယနေ့ ငါသည်လည်း ဤညဉ့်, ဤနေ့ပတ်လုံး မဟုတ်မမှန်ပြောဆိုခြင်းကိုပယ်၍၊မဟုတ် မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ် လျက်၊ အမှန်ကိုသာ ပြောဆိုသည်ဖြစ်၍၊ မှန်သော စကားချင်း ဆက်စပ်စေ လျက်၊ တည်သောစကားရှိလျက်၊ ယုံကြည်ထိုက်သော စကားရှိလျက်၊ လောကကို မလှည့်စားဘဲနေပါအံ့၊ ဤ အကြောင်း အင်္ဂါဖြင့်လည်း ရဟန္တာပုဂ္ဂိုလ်တို့ကို အတု လိုက်၍ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးပြီးလည်း ဖြစ် လိမ့်မည်။

ရဟန္တာပုဂ္ဂိုလ်တို့သည် အသက်ရှည်သမျှ ကာလပတ် လုံး ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေ အရက် သောက်ခြင်းကိုပယ်၍ ယစ်မူး မေ့လျော့ခြင်း၏

အကြောင်းဖြစ်သော သေအရက်သောက်ခြင်းမှ ရှောင်ကြဉ်ကုန်၏။ ယနေ့ ငါသည်လည်း ဤညဉ့်,ဤနေ့ ပတ်လုံး ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက် သောက်ခြင်းကိုပယ်၍ ယစ်မူး မေ့ လျော့ ခြင်း၏ အကြောင်းဖြစ်သော သေအရက်သောက်ခြင်းမှ ရှောင်ကြဉ်ပါအံ့၊ ဤအကြောင်း အင်္ဂါ ဖြင့်လည်း ရဟန္တာပုဂ္ဂိုလ်တို့ကိုအတုလိုက်၍ပြုပါအံ့၊ငါ့အား ဥပုသ်ကျင့်သုံးပြီးလည်း ဖြစ်လိမ့်မည်။

ရဟန္တာပုဂ္ဂိုလ်တို့သည် အသက်ရှည်သမျှကာလပတ်လုံး တထပ်သာ စားလေ့ရှိကုန်၏၊ ညဉ့်စာ စားခြင်းမှ ရှောင်ကြဉ်ကုန်၏၊ နေလွဲစားခြင်းမှ ရှောင်ကြဉ်ကုန်၏။ ယနေ့ ငါသည်လည်း ဤညဉ့်,ဤနေ့ပတ်လုံး တထပ်သာ စားပါအံ့၊ ညဉ့်စာစားခြင်းမှ ရှောင်ကြဉ်ပါအံ့၊ နေလွဲစားခြင်းမှရှောင်ကြဉ်ပါအံ့၊ ဤအကြောင်း အင်္ဂါဖြင့်လည်း ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးပြီးလည်း ဖြစ်လိမ့်မည်။

[မှတ်ချက်။ သီလခံယူပြီးသည်မှ မွန်းမလွဲမီ အကြိမ်များစွာစားသောက်သော်လည်း တထပ်သာ စားခြင်းဟု မှတ်ပါလေ။]

ရဟန္တာပုဂ္ဂိုလ် တို့သည် အသက် ရှည်သမျှ ကာလပတ်လုံး ကခြင်း,သီခြင်း,တီးမှုတ်ခြင်း, သူတော်ကောင်းတရား၏ ဆူးငြောင့်ဖြစ်သော ပွဲကြည့်ခြင်း,ပန်းပန်ခြင်း, နံ့သာမှုန့်ချယ်ခြင်း, နံ့သာပျောင်းလိမ်းကျံခြင်းမှ ရှောင်ကြဉ်ကုန်၏။ယနေ့ငါသည်လည်း ဤညဉ့်,ဤနေ့ပတ်လုံး ကခြင်း,သီခြင်း,တီးမှုတ်ခြင်း, သူတော်ကောင်းတရား၏

ဆူးငြောင့်ဖြစ်သော ပွဲကြည့်ခြင်း,ပန်းပန်ခြင်း,နံ့သာမှုန့်ခြယ်ခြင်း, နံ့သာပျောင်း လိမ်းကျံခြင်းမှ ရှောင်ကြဉ်ပါအံ့၊ ဤအကြောင်းအင်္ဂါဖြင့်လည်း ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးပြီးလည်း ဖြစ်လိမ့်မည်။

ရဟန္တာပုဂ္ဂိုလ်တို့သည် အသက်ရှည်သမျှကာလပတ်လုံး မြင့်သောနေရာ, မြတ်သောနေရာကို ပယ်၍ မြင့်သောနေရာ, မြတ်သောနေရာ၌ နေခြင်းမှ ရှောင်ကြဉ်ကုန်၏၊ နိမ့်သောနေရာ ညောင်စောင်းငယ်၌ ဖြစ်စေ, မြက်အခင်း၌ဖြစ်စေ အိပ်ကုန်၏။ ယနေ့ ငါသည်လည်း ဤညဉ့်, ဤနေ့ ပတ်လုံး မြင့်သောနေရာ, မြတ်သောနေရာမှရှောင်ကြဉ်လျက် နိမ့်သောနေရာ ညောင်စောင်းငယ်၌ဖြစ်စေ, မြက်အခင်း၌ ဖြစ်စေ အိပ်ပါအံ့၊ ဤအကြောင်း အင်္ဂါဖြင့်လည်း ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ပြုပါအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးပြီးလည်း ဖြစ်လိမ့်မည်ဟု ဆင်ခြင်၏။

ဝိသာခါ အရိယာဥပုသ်သည် ဤသို့ဖြစ်၏၊ ဝိသာခါ ဤသို့ကျင့်သုံးအပ်သော အရိယာဥပုသ်သည် ကြီးမြတ်သောအကျိုးရှိ၏၊ ကြီးမြတ်သော အာနိသင်ရှိ၏၊ ကြီးမြတ်သောအရောင်အလင်းရှိ၏၊ ကြီးမြတ်သောပြန့်နှံ့ခြင်းရှိ၏၊ အဘယ်မျှလောက်ကြီးမြတ်သောအကျိုးရှိသနည်း၊ အဘယ်မျှလောက် ကြီးမြတ်သော အာနိသင်ရှိသနည်း၊ အဘယ်မျှလောက် ကြီးမြတ်သော အရောင် အလင်း ရှိသနည်း၊ အဘယ်မျှလောက် ကြီးမြတ်သော ပြန့်နှံ့ခြင်းရှိသနည်း၊ ဝိသာခါ များစွာသော တပ်မက်ဖွယ်ရာရတနာ

တို့နှင့် ပြည့်စုံသော အင်္ဂတိုင်း, မဂဓတိုင်း, ကာသိတိုင်း, ကောသလတိုင်း, ဝဇ္ဇီတိုင်း, မလ္လာတိုင်း, စေတီယတိုင်း, ဝင်္ဂတိုင်း, ကုရုတိုင်း, ပဥ္စာလတိုင်း, မစ္ဆတိုင်း, သူရသေနတိုင်း, အဿကတိုင်း, အဝန္တီတိုင်း, ဂန္ဓာရတိုင်း, ကမ္ဗောဇတိုင်း ဟူသော တိုင်းကြီး တဆယ့် ခြောက်ရပ် တို့၌ အုပ်ချုပ်၍ မင်းလုပ်ရခြင်းသည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်၏ တဆယ့်ခြောက်စိတ် တစိတ်လောက်မျှ မမှီနိုင်၊ ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း၊ ဝိသာခါ လူမင်းစည်းစိမ်သည် နတ်ချမ်းသာကို ထောက်၍ အနည်းငယ်မျှသာဖြစ်၏။

ဝိသာခါ လူတို့ အနှစ်ငါးဆယ်သည် စတုမဟာရာဇ်နတ်တို့၏ တညဥ့်, တနေ့မျှသာဖြစ်၏၊ ထိုညဥ့်ဖြင့် ညဥ့်သုံးဆယ်တို့သည် တလဖြစ်၏၊ ထိုလဖြင့် တဆယ့်နှစ်လတို့သည် တနှစ်ဖြစ်၏၊ ထိုနှစ်ဖြင့် နတ်တို့၏ အနှစ်ငါးရာသည် စတုမဟာရာဇ်နတ်တို့၏ အသက်အတိုင်းအရှည်ဖြစ်၏၊ ဝိသာခါ မိန်းမဖြစ်စေ, ယောကျ်ားဖြစ်စေ အချို့သောသူသည် အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးပြီးလျှင် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်ကာလ၌ စတုမဟာရာဇ်နတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်နိုင်ရာသော အကြောင်းမျိုးသည်ရှိ၏။ ဝိသာခါ ဤသို့သောအကြောင်းမျိုးကိုရည်ရွယ်၍ လူမင်းစည်းစိမ်သည် နတ်ချမ်းသာကိုထောက်၍ အနည်းငယ်မျှသာဖြစ်၏ဟူသော ဤစကားကို ဆိုခဲ့၏။

[မှတ်ချက်။ လူ့ပြည်မှာ အနှစ်ငါးဆယ်သည်၊ စတုမဟာရာဇ် နတ်ပြည်မှာ တနေ့, တညဥ့်, တရက် ဖြစ်၏၊

လူတို့၏ အနှစ် ကိုးသန်းသည် စတုမဟာရာဇ် နတ်တို့၏ အသက်အတိုင်း အရှည် ဖြစ်၏၊ စတုမဟာရာဇ်နတ်တို့၏ အသက်သည် စတုမဟာရာဇ်နတ်တို့၏ နှစ်အရေအတွက် အားဖြင့် အနှစ်ငါးရာဖြစ်၏။]

ဝိသာခါ လူတို့ အနှစ် တရာသည် တာဝတိံသာ နတ်တို့၏ တညဉ့်, တနေ့မျှသာဖြစ်၏၊ ထိုညဉ့်ဖြင့် ညဉ့် သုံးဆယ်တို့သည် တလဖြစ်၏၊ ထိုလဖြင့် တဆယ့် နှစ်လ တို့သည် တနှစ်ဖြစ်၏၊ ထိုနှစ်ဖြင့် နတ်တို့၏ အနှစ် တထောင်သည် တာဝတိံသာနတ်တို့၏ အသက်အတိုင်း အရှည်ဖြစ်၏၊ ဝိသာခါ မိန်းမဖြစ်စေ, ယောကျ်ားဖြစ် စေ အချို့သောသူသည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးပြီးလျှင် ကိုယ်ခန္ဓာပျက်စီး၍ သေပြီး သည်မှ နောက်ကာလ၌ တာဝတိံသာနတ်တို့၏အသင်း ဝင်အဖြစ်သို့ ရောက်နိုင်ရာသော အကြောင်းမျိုးသည် ရှိ ၏၊ ဝိသာခါ ဤသို့သောအကြောင်းမျိုးကို ရည်ရွယ်၍ လူမင်းစည်းစိမ်သည် နတ်ချမ်းသာကိုထောက်၍ အနည်း ငယ်မျှသာဖြစ်၏ဟူသော ဤစကားကို ဆိုခဲ့၏။

[မှတ်ချက်။ တာဝတိံသာ နတ်ပြည်၌ နတ်သက် သည် လူတို့၏ နှစ် အရေအတွက် အားဖြင့် နှစ်ပေါင်း သုံးကုဋေ့ခြောက်သန်း ဖြစ်၏။]

ဝိသာခါ လူတို့၏ အနှစ်တရာသည် ယာမာနတ်တို့ ၏ တညဉ့်, တနေ့မျှသာဖြစ်၏၊ ထိုညဉ့်ဖြင့် ညဉ့်သုံးဆယ် တို့သည် တလဖြစ်၏၊ ထိုလဖြင့် တဆယ့်နှစ်လတို့သည် တနှစ်ဖြစ်၏၊ ထိုနှစ်ဖြင့် နတ်တို့၏ အနှစ် နှစ်ထောင်တို့ သည် ယာမာနတ်တို့၏ အသက်အတိုင်း အရှည် ဖြစ်၏၊

ဝိသာခါ မိန်းမဖြစ်စေ, ယောကျ်ားဖြစ်စေ အချို့သောသူသည် အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးပြီးလျှင် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်ကာလ၌ ယာမာနတ်တို့၏ အသင်းဝင်အဖြစ်သို့ ရောက်နိုင်ရာသော အကြောင်းမျိုးသည် ရှိ၏။ ဝိသာခါ ဤအကြောင်းမျိုးကို ရည်ရွယ်၍ လူမင်း စည်းစိမ်သည် နတ်ချမ်းသာကို ထောက်၍ အနည်းငယ်မျှသာဖြစ်၏ ဟူသော ဤစကားကို ဆိုခဲ့၏။

[မှတ်ချက်။ ယာမာနတ်ပြည်၌ နတ်သက်သည် လူတို့၏ နှစ်အရေအတွက်အားဖြင့် နှစ်ပေါင်း တဆယ့်လေးကုဋေ လေးသန်းဖြစ်၏။]

ဝိသာခါ လူတို့ အနှစ်လေးရာတို့သည် တုသိတာနတ်တို့၏ တညဉ့်, တနေ့မျှသာဖြစ်၏၊ ထိုညဉ့်ဖြင့် ညဉ့်သုံးဆယ်တို့သည် တလဖြစ်၏၊ထိုလဖြင့် တဆယ့်နှစ်လတို့သည် တနှစ်ဖြစ်၏၊ထိုနှစ်ဖြင့် နတ်တို့၏ အနှစ်လေးထောင်တို့သည်တုသိတာနတ်တို့၏အသက်အတိုင်းအရှည်ဖြစ်၏။ ဝိသာခါ မိန်းမဖြစ်စေ,ယောကျ်ားဖြစ်စေ အချို့သောသူသည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးပြီးလျှင် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်ကာလ၌ တုသိတာနတ်တို့၏ အသင်းဝင်အဖြစ်သို့ရောက်နိုင်ရာသော အကြောင်း မျိုးသည် ရှိ၏၊ ဝိသာခါ ဤအကြောင်းမျိုးကို ရည်ရွယ်၍ လူမင်းစည်းစိမ်သည် နတ်ချမ်းသာကို ထောက်၍ အနည်းငယ်မျှသာဖြစ်၏ဟူသော ဤစကားကို ဆိုခဲ့၏။

[မှတ်ချက်။ တုသိတာ နတ်တို့၏ နတ်သက်သည် လူတို့၏ နှစ်အရေအတွက်အားဖြင့် ငါးဆယ့် ခုနစ်ကုဋေ ခြောက်သန်း ဖြစ်၏။]

ဝိသာခါ လူတို့၏အနှစ် ရှစ်ရာသည် နိမ္မာနရတိ နတ်တို့၏ တညဉ့်, တနေ့မျှသာဖြစ်၏၊ ထိုညဉ့်ဖြင့် ညဉ့် သုံးဆယ်တို့သည် တလဖြစ်၏၊ ထိုလဖြင့် တဆယ့်နှစ်လ တို့သည် တနှစ်ဖြစ်၏၊ ထိုနှစ်ဖြင့် နတ်တို့၏ အနှစ် ရှစ်ထောင်တို့သည် နိမ္မာနရတိ နတ်တို့၏ အသက်အတိုင်း အရှည်ဖြစ်၏၊ ဝိသာခါ မိန်းမဖြစ်စေ, ယောကျ်ားဖြစ် စေ အချို့သော သူသည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကိုကျင့်သုံးပြီးလျှင် ကိုယ်ခန္ဓာပျက်စီး၍ သေပြီး သည်မှ နောက်ကာလ၌ နိမ္မာနရတိ နတ်တို့၏ အသင်း ဝင်အဖြစ်သို့ ရောက်နိုင်ရာသော အကြောင်းမျိုးသည်ရှိ ၏၊ ဝိသာခါ ဤအကြောင်းမျိုးကို ရည်ရွယ်၍ လူမင်း စည်းစိမ်သည် နတ်ချမ်းသာကိုထောက်၍ အနည်းငယ် မျှသာဖြစ်၏ဟူသော စကားကို ဆိုခဲ့၏။

[မှတ်ချက်။ နိမ္မာနရတိ နတ်တို့၏ နတ်သက်သည် လူတို့၏ နှစ်အရေအတွက်အားဖြင့် ကုဋေနှစ်ရာသုံးဆယ် အနှစ်လေးသန်းဖြစ်၏။]

ဝိသာခါ လူတို့အနှစ် ထထောင့်ခြောက်ရာ တို့သည် ပရနိမ္မိတဝသဝတ္တီနတ်တို့၏ တညဉ့်,တနေ့ မျှသာဖြစ်၏၊ ထိုညဉ့်ဖြင့် ညဉ့်သုံးဆယ်တို့သည် တလဖြစ်၏၊ ထိုလဖြင့် တဆယ့်နှစ်လတို့သည် တနှစ်ဖြစ်၏၊ထိုနှစ်ဖြင့် နတ်တို့၏ အနှစ်တသောင်းခြောက်ထောင်တို့သည် ပရနိမ္မိတ ဝသ ဝတ္တီနတ်တို့၏ အသက်အတိုင်း အရှည်ဖြစ်၏။ ဝိသာခါ

မိန်းမဖြစ်စေ, ယောကျ်ားဖြစ်စေ အချို့သော သူသည် အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးပြီးလျှင် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက် ကာ လ၌ ပရနိမ္မိတဝသဝတ္တီနတ်တို့၏အသင်းဝင်အဖြစ်သို့ ရောက်နိုင်ရာသော အကြောင်း မျိုးသည် ရှိ၏။ ဝိသာခါ ဤအကြောင်းမျိုးကိုရည်ရွယ်၍ လူမင်းစည်းစိမ်သည် နတ်ချမ်းသာကိုထောက်၍ အနည်းငယ်မျှသာဖြစ်၏ဟူသော ဤစကားကိုဆိုခဲ့၏ဟု မိန့်တော်မူ၏။

[မှတ်ချက်။ ပရနိမ္မိတဝသဝတ္တီ နတ်တို့၏ နတ်သက်သည် လူတို့၏ နှစ် အရေအတွက် အားဖြင့် နှစ်ပေါင်းကုဋေ ကိုးရာနှစ်ဆယ့်တကုဋေခြောက်သန်း ဖြစ်၏။]

ဥပုသ် ကျင့်သုံးသော သူသည် သူ့အသက်ကိုလည်း မသတ်ရာ၊ အရှင်သည် ကိုယ်, နှုတ်ဖြင့် မပေးအပ်သော သူတပါး ဥစ္စာကိုလည်း မခိုးယူရာ၊ မဟုတ်မမှန်သော စကားကိုလည်းမပြောဆိုရာ၊မူးယစ်ခြင်းကိုပြုတတ်သော သေရည်သေရက်ကိုလည်း မသောက်ရာ၊ မေထုန်မှီဝဲခြင်း ဟူသော မမြတ်သောအကျင့်မှလည်း ရှောင်ကြဉ်ရာ၏၊ နေလွဲညဥ့်စာ ကိုလည်း မစားရာ၊ပန်းကိုလည်း မပန်ရာ၊ နံ့သာကိုလည်း မခြယ်ရာ၊ညောင်စောင်း၌ရင်း,မြေကြီး၌ ရင်း, မြက်အခင်း၌ရင်း အိပ်ရာ၏၊ ဤဥပုသ်ကို ဒုက္ခအပေါင်း၏အဆုံးဖြစ်သော နိဗ္ဗာန်သို့ ဆိုက်ရောက်တော်မူအပ်ပြီးသော မြတ်စွာဘုရားသည် ဟောပြတော်မူအပ်သော အင်္ဂါရှစ်ပါးရှိသောဥပုသ်ဟု ဆိုကြကုန်၏။

ကောင်းသောအဆင်းရှိကုန်သော နေ့, လ နှစ်ပါးတို့သည် အကြင်မျှလောက်သော အရပ်ကို ထွန်းလင်းကုန်

လျက် လှည့်လည်ကုန်၏၊ ကောင်းကင်၌ သွားလာကုန်သော ထိုနေ့လတို့သည် အမိုက်မှောင်ကိုပယ်ဖျောက်၍ အရပ်မျက်နှာတို့ကို တင့်တယ်စေကုန်လျက် ကောင်းကင်၌ ထွန်းပကုန်၏။

ထိုနေ့လတို့ ထွန်းပရာလောကဓာတ်အတွင်း၌ ပုလဲ, ပတ္တမြား လာဘ်ရကြောင်း ကောင်းမြတ်သောကျောက်မျက်ရွဲ့,သိင်္ဂီရွှေ,ကဥ္စနရွှေ,မှုလတွင်းထွက်ရွှေ, ပိုး, ရွှ,ခြတို့ ချီယူ စုဆောင်း ထားသော ဟဋကရွှေ ဟူသော ဥစ္စာရတနာတို့သည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်၏ တဆယ့်ခြောက်စိတ် တစိတ် ကိုမျှလည်း မမှီနိုင်ကုန်။ အလုံးစုံသော ကြယ်တာရာအပေါင်းတို့သည် လရောင်၏ တဆယ့်ခြောက်စိတ် တစိတ်မျှလောက်ကိုလည်း မမှီနိုင်သကဲ့သို့တည်း။

ထို့ကြောင့်သာလျှင် သီလရှိသော မိန်းမသည်ရင်း, ယောကျ်ားသည်ရင်း အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဥပုသ်ကို ကျင့်သုံး၍ ချမ်းသာ အကျိုးရှိသော ကောင်းမှုတို့ကို ပြုပြီးလျှင် ကဲ့ရဲ့ဘွယ်မရှိဘဲ နတ်ပြည်ဌာနသို့ ကပ်ရောက်ရလေကုန်သတည်း။

(အင်္ဂုတ္တိုရ်ပါဠိတော် တိကနိပါတ် မဟာဝဂ်
ဥပေါသထသုတ်။)

## အရိယာဥပုသ်ဖြစ်လျှင် နတ်ပြည်ရောက်နိုင်ခြင်း

တသ္မာဟိ နာရီစ နရောစ သီလဝါ၊
အဋ္ဌင်္ဂုပေတံ ဥပဝဿုပေါသထံ။
ပုညာနိ ကတွာန သုခုဒြယာနိ၊
အနိန္ဒိတာ သဂ္ဂမုပေန္တိဋ္ဌာနံ။

ဟူ၍ ဥပေါသထ သုတ်၌ ဟောတော်မူအပ်သော ဒေသနာတော်ကို ထောက်ထားလျှင်၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော သီလကို ကျင့်သုံး ဆောက်တည် ပါက နတ်ပြည်သို့ ရောက်နိုင်ကြောင်း၊ နတ်ပြည်သို့ ရောက်နိုင် သည်ဆိုသော်လည်း မိမိကျင့်သုံးအပ်သော သီလသည် အရိယာဥပုသ်ဖြစ်ပါမှ မြတ်စွာဘုရားဟောတော်မူသည့် အတိုင်း၊ နတ်ဘုံဌာန သုဂတိဘဝသို့ ရောက်ရှိကြပေ လိမ့်မည်၊ ဥပုသ် ကျင့်သုံးပြီး မေ့မေ့ လျော့လျော့ ပေါ့ပေါ့ ဆဆ သတိတရား လွှတ်ကင်းကာ နေပါက မြတ်စွာဘုရား မိန့်မှာတော် မူသည့် အတိုင်း ပြည့်စုံကြ လိမ့်မည်မဟုတ်ပေ၊ ဤသို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို အရိယာ ဥပုသ်ဖြစ်အောင် မမေ့လျော့သော သတိတရားဖြင့် ကျင့်သုံးပြီးပါက၊ ဇာတိဒုက္ခ ကင်းဝေး ရာ နိဗ္ဗာန်သို့ရောက်ဘို့ရန် သင်္ခါရ ဓမ္မတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟုဆိုအပ်သော လက္ခဏာရေးသို့တင်ကာ ရှုကြရ ပေလိမ့်ဦးမည်၊ သို့မှသာ မိမိတို့အလိုရှိအပ်သော ဇာတိ ဒုက္ခ, ဇရာဒုက္ခ, မရဏဒုက္ခ ကင်းဝေးရာ နိဗ္ဗာန်သို့ရောက် ကြရပေလိမ့်မည်၊ ဥပုသ်ကျင့်သုံးမှုသည် နိဗ္ဗာန်သွားဘို့, ရောက်ဘို့ရန် အခြေခံမျှသာဖြစ်ပေသည်၊ သီလကျင့်သုံးရုံ

မျှနှင့် နတ်ပြည်လောက်သာ ရောက်နိုင်တာဘဲဟု မပေါ့ဆသင့်ပေ၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်တဲ့အခါ သီလဝိသုဒ္ဓိသည် ပထမဆုံး ဖြစ်ပေသည်၊ သို့အတွက်ကြောင့် သီလဝိသုဒ္ဓိ သီလစင်ကြယ်မှုအလွန် အရေးကြီးလှပေသည်။

## သီလဝိသုဒ္ဓိကို ပြဆိုခြင်း

သီလဝိသုဒ္ဓိ အရာ၌ "ပါတိမောက္ခ သံဝရသီလံ၊ ဣန္ဒြိယသံဝရသီလံ၊ အာဇီဝပါရိသုဒ္ဓိသီလံ၊ ပစ္စယသန္နိဿိတ သီလဥ္စေတိ စတုပါရိသုဒ္ဓိသီလံ သီလဝိသုဒ္ဓိနာမ" ဟု အဋ္ဌကထာ ဆရာမြတ်မိန့်မှာအပ်သောကြောင့်—

## သီလလေးမျိုး

၁။ ပါတိမောက္ခသံဝရသီလ။

၂။ ဣန္ဒြိယသံဝရသီလ။

၃။ အာဇီဝပါရိသုဒ္ဓိသီလ။

၄။ ပစ္စယသန္နိဿိတ သီလ - အားဖြင့် သီလ သည် လေးမျိုး အပြားရှိ၏။

## ပါတိမောက္ခသံဝရသီလ

၁။ လူတို့မှာ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ၊ သုစရိတသီလ တို့ကို ကောင်းစွာ လုံခြုံအောင် စောင့်ရှောက် ထိန်းသိမ်းခြင်းသည် ပါတိမောက္ခသံဝရ သီလ မည်၏။

## ဣန္ဒြိယသံဝရသီလ

၂။ စက္ခုစသော ခြောက်ပါးသော ဒွါရတို့၌ ရှုပါရုံ စသောအာရုံတို့ ထိခိုက် တွေ့ကြုံလာသောအခါ၊ အဘိဇ္ဈာ အစရှိသော အကုသိုလ်တရားတို့ မဖြစ်ပေါ်ရ အောင် စောင့်ရှောက် ထိန်းသိမ်း၍ ထားခြင်းသည် ဣန္ဒြိယသံဝရသီလ-မည်၏။

ဆဒွါရေ ဃဋ္ဋိတာရမ္မဏေသု အဘိဇ္ဈာဒီနံ
အနုပ္ပတ္တိဝသေန ဣန္ဒြိယ သံဝရံ ဟောတိ။
(ခုဒ္ဒကပါဌ အဋ္ဌကထာ)။

ဆဒွါရေ၊ စက္ခု စသား ခြောက်ပါးသော ဒွါရ၌။ ဃဋ္ဋိတာရမ္မဏေသု၊ ထိခိုက်လာသော အာရုံ တို့၌။ အဘိဇ္ဈာဒီနံ၊ အဘိဇ္ဈာ အစရှိသော အကုသိုလ်တရားတို့ ၏။ အနုပ္ပတ္တိဝသေန၊ မဖြစ်သည်၏ အစွမ်း အားဖြင့်။ ဣန္ဒြိယ သံဝရံ၊ ဣန္ဒြိယ သံဝရ သီလ သည်။ ဟောတိ၊ ဖြစ်၏။

## အာဇီဝပါရိသုဒ္ဓိသီလ

၃။ တံငါ, ဖလောင်း, ဝက်ရောင်း, သားထိုး, စသော ဒုစရိုက်ခုနစ်ပါးတို့ဖြင့် ရသောပစ္စည်း၊ ချိန် စဉ်းလဲ၊ တင်း စဉ်းလဲ၊ အသပြာ စဉ်းလဲ စသည်တို့ကိုပြု၍ ရသောပစ္စည်း၊ ဤမိစ္ဆာဇီဝအမှုဖြင့် ရသောပစ္စည်းတို့ကို ကြဉ်ရှောင်၍ ကောင်းသော လယ်ယာ လုပ်ခြင်း၊ ကောင်းသော ကုန်သွယ်ခြင်း စသော တရားသဖြင့် ရသောပစ္စည်းတို့ကိုသာ သုံးဆောင်မှီဝဲ၍ အသက်မွေး ခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလ-မည်၏။

## ပစ္စယသန္နိဿိတသီလ

၄။ တရားသဖြင့် ရှာကြံရအပ်သော အဝတ်ပုဆိုး၊ အစာ အာဟာရ တို့ကို ပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန်တို့ဖြင့် အောက်မေ့ဆင်ခြင်၍ စည်းစိမ်ဥစ္စာဖြင့် မိန်းမောတွေဝေခြင်းသို့ မရောက်စေဘဲ၊ သုံးဆောင်ခံစားမှီဝဲခြင်းသည်ပင် ပစ္စယသန္နိဿိတသီလ-မည်၏။

## ပဋိကူလသညာဆင်ခြင်ပုံကိုပြခြင်း

ပဋိကူလသညာ၊ စက်ဆုပ်ဖွယ်ဟူသော အမှတ်ဖြင့် ဆင် ခြင် ပုံ ကား။ "ဣမံဘတ္တံ ဝဏ္ဏ ဂန္ဓ ရသသမ္ပန္နံ၊ အဇိဂုစ္ဆနီယံ၊ ဣမံ ပူတိကာယံ ပတွာ ပန အတိဝိယ ဇိဂုစ္ဆနီယဘာဝံ ပါပုဏိဿတိ"။

ဤထမင်းသည် အဆင်း အနံ့ အရသာနှင့် ပြည့်စုံပါပေ၏၊ စက်ဆုပ် ရွံ့ရှာဘွယ် မရှိပါပေ၊ ကိုယ်ဟု သမုတ်ဤအကောင်ပုပ်သို့ ရောက်ဘိမူကား အလွန် စက်ဆုပ် ရွံ့ရှာဘွယ် အဖြစ်သို့ ရောက်တော့မည် ဟု ဆင်ခြင်ရပေမည်။

ဣမံဘတ္တံ၊ ဤထမင်းသည်။ ဝဏ္ဏ ဂန္ဓ ရသသမ္ပန္နံ၊ အဆင်း အနံ့ အရသာနှင့် ပြည့်စုံပါပေ၏၊ အဇိဂုစ္ဆနီယံ၊ စက်ဆုပ်ရွံ့ရှာဘွယ် မရှိပါပေ။ ဣမံပူတိကာယံ၊ ဤကိုယ်ဟုသမုတ် အကောင်ပုပ်သို့။ ပတွာပန၊ ရောက်ဘိမူကား။ အတိဝိယ၊ အလွန်လျှင်။ ဇိဂုစ္ဆနီယဘာဝံ၊ စက်ဆုပ်ရွံ့ရှာဘွယ် အဖြစ်သို့။ ပါပုဏိဿတိ၊ ရောက်ပေတော့လတ္တံ့။

## စတုဓာတုဝဝတ္ထာန်ဖြင့်ဆင်ခြင်ပုံ

စတုဓာတုဝဝတ္ထာန် ဓာတ်လေးပါးဖြင့် ပိုင်းခြား၍ ဆင်ခြင်ပုံကား "ဓာတုမတ္တကမေဝ ဣမံဘတ္တံ၊ တဒေဝ ပရိဘုဉ္ဇတော ပုဂ္ဂလောပိ ဓာတုမတ္တကမေဝ"။

ဤထမင်းသည် ပထဝီ,အာပေါ,တေဇော,ဝါယော ဟု ဆိုအပ်သော ဓာတ်လေးပါး၏ အပေါင်းမျှသာဖြစ် ပေသည်၊ ထိုဓာတ်လေးပါး၏အပေါင်းမျှသာဖြစ်သော ထမင်းကို သုံးဆောင် စားသောက်သော မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ ဓာတ်လေးပါး၏ အပေါင်းအစု မျှ သာဖြစ်ပေတယ် ဟု ဉာဏ်သက်ဝင်၍ ဆင်ခြင်ရပေမည်။

ဣမံဘတ္တံ၊ ဤ ထမင်းသည်။ ဓာတုမတ္တကမေဝ၊ ပထဝီ, အာပေါ, တေဇော, ဝါယော ဟု ဆိုအပ်သော ဓာတ်လေးပါး၏ အပေါင်းမျှသာတည်း။ တဒေဝ၊ ထို ဓာတ်လေးပါးရှင် ထမင်းအသွင် ဖြစ်သကဲ့သို့သာလျှင်။ ပရိဘုဉ္ဇတော၊ ထိုထမင်းကို သုံးဆောင် စားသောက် မှီဝဲ သော။ ပုဂ္ဂလောပိ၊ ယောကျ်ား,မိန်းမ စသော ပုဂ္ဂိုလ် သည်လည်း။ ဓာတုမတ္တကမေဝ၊ ပထဝီ, အာပေါ, တေဇော,ဝါယော ဟု ဆိုအပ်သော ဓာတ်လေးပါး၏ အပေါင်းမျှသာတည်း။

စတုပါရိသုဒ္ဓိ လေးပါးတို့တွင်—

၁။ သဒ္ဓါပြဋ္ဌာန်းသောကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် ပါတိမောက္ခ သံဝရသီလ ပြည့်စုံသည်။

၂။ သတိ ပြဋ္ဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ် ဖြင့် ဣန္ဒြိယသံဝရသီလ ပြည့်စုံသည်။

၃။ ဝီရိယ ပြဋ္ဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ် ဖြင့် အာဇီဝပါရိသုဒ္ဓိသီလ ပြည့်စုံသည်။

၄။ ပညာ ပြဋ္ဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ် ဖြင့် ပစ္စယသန္နိဿိတသီလ ပြည့်စုံသည် ဟု မှတ်ပါလေ။

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဥပေါသထသုတ် ဒေသနာတော်ကို နာခံမှတ်သား ဖတ်ကြားပြီးလျှင် ဥပုသ်ကျင့်သုံးသော ဗုဒ္ဓဘာသာ သူတော်စင်အပေါင်းတို့သည် စင်ကြယ် သန့်ရှင်း ကြီးမြတ်သော အကျိုးအာနိသင်ရှိသော အရိယာဥပုသ် ကျင့်သုံးခြင်းဖြစ်ရလေအောင် မိမိတို့ဥပုသ်ကျင့်သုံးပြီးပါက မြတ်စွာဘုရား၏ ဂုဏ်တော်ကိုရင်း၊ တရားတော်၏ ဂုဏ်တော်ကိုရင်း၊ သံဃာတော်၏ ဂုဏ်ကိုရင်း အာရုံပြု ဆိပ်ငြိမ်ရာ အရပ်ကိုရှာဖွေ နေထိုင်ပြီး ပုတီးစိပ်ဘို့ရန် သင့်လျော်ပေ၏။ သို့မှသာလျှင် မိမိတို့ တနေ့ တရက် ကျင့်သုံးအပ်သော ဥပုသ်သည် ကြီးမြတ်သော အကျိုးအာနိသင်ကို ရရှိကြပေလိမ့်မည်။ "ပမာဒေါ မစ္စုနော ပဒံ" ဟူသော ဒေသနာတော် အတိုင်း ဗုဒ္ဓဘာသာ သူ တော် စင် အပေါင်းတို့သည် အစ မထင် သံသရာမှစ၍ မေ့မေ့လျော့လျော့ ပေါ့ပေါ့ ဆဆ နေခဲ့ကြသဖြင့် ပဋိသန္ဓေနေရခြင်း ဇာတိဒုက္ခ၊ အိုရခြင်း ဇရာဒုက္ခ၊ နာရခြင်း ဗျာဓိဒုက္ခ၊ သေရခြင်း မရဏဒုက္ခ ဆိုတဲ့ ဒုက္ခအဖုံဖုံတွေနှင့် ဘဝစဉ်ဆက် တွေ့ကြုံ ကြကုန်လျက် အေးငြိမ်းချမ်းသာမှုသဘောတရားတွေကို မခံစားကြရဘဲ ဆင်းရဲဒုက္ခအစုံစုံတို့နှင့် ရင်ဆိုင်ကာ ပဋိသန္ဓေနေလိုက်ကြရ အိုလိုက်ကြရ သေလိုက်ကြရနှင့်အချိန်တွေဖြုန်းခဲ့ကြပေပြီ။ ယခု

အခါ ကုသိုလ်ကံကောင်း ထောက်မသဖြင့် မြတ်စွာဘုရား သာသနာတော် အတွင်းမှာ လူလာ၍ဖြစ်ကြရသော ဗုဒ္ဓဘာသာသူတော်စင်အပေါင်းတို့သည် မြတ်စွာဘုရားသာသနာ အခါအခွင့်ကောင်းကို မဆုံးရှုံး ကြရလေအောင် "အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ" ဟူသော ဒေသနာတော်နှင့်အညီ မမေ့မလျော့သော သတိတရားသက်ဝင်ကာ ဝါကျွင်း ဝါပ ဟုမခွဲခြားဘဲ အားလပ်သောအချိန်ရလျှင် ဥပုသ်သီတင်းစောင့်သုံးခြင်းအမှုကို ကြိုးစားအားထုတ်ကြဘို့ အချိန်သင့်လျော်ပေပြီ၊ ထိုသို့ အခါအခွင့်ကောင်းနှင့် ကြုံကြိုက်ပါလျက် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေကြမည်ဆိုလျှင် ဆင်းရဲဒုက္ခအဖုံဖုံနှင့်တွေ့ကြုံကြလျက် သံသရာထဲဘဝလည်လည်ဖြစ်ကြရပေလိမ့်မည်။

---

## လယ်တီဆရာတော်ဘုရားကြီး၏ ဆုမွန်စာ

ဆိုပိမ့်မည္သာ၊ စေ့စေ့နာလော့၊ ဂင်္ဂါသဲမျှ၊ ပွင့်ကုန်ကြသား၊ ဘုရားသာသနာ၊ ခေတ်အခါဝယ်၊ လူ့ရွာနတ်ဌာ၊ နင် ကြုံကြိုက်လည်း၊ အမိုက်မချော၊ အလိုက်နေ၍၊ အခြေမကြီး၊ အချည်းနှီးလျှင်၊ ရီးတီးယောင်တောင်၊ ခုတိုင်အောင်တည့်၊ သန်းခေါင်လကွယ်၊ တောအုပ်လယ်ဌာ၊ ရှစ်နယ်ပတ်လုံး၊ အပြည့်ဖုံးသည်၊ မိုးလုံးတိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါးထက်၊ နင်ကားရာထောင်၊ မကမှောင်၏။

လှူဘောင်လှူရွာ၊ သာသနာ၌၊ ကြမ္မာတော်၍၊ ယခုတွေ့လည်း၊ အလေ့မလွှဲ၊ အများနဲ့လျှင်၊ မိုက်မြဲနှင့်နှင့်၊ မိုက်စရှင်၏။

မျက်မြင် လောက၊ ဤဘဝကား၊ ဒုက္ခ စင်းစင်း၊ ချမ်းသာကင်း၏။

သေမင်းအစာ၊ နင့်ခန္ဓာကို၊ တဏှာဘီလူး၊ အမှောင့်ပူး၍၊ အရူးပြင်ပြင်၊ နင့်ကိုယ်ထင်၏။

နင်နှင့်မဆိုင်၊ နင်ပိုင်မဟုတ်၊ နင့်ရုပ်နင့်နာမ်၊ နင့်သန္တာန်ကို၊ နင့်ဉာဏ်မစူး၊ အပေါ်ပြူး၍၊ မူးမူးမေ့မေ့၊ အများလေ့ဖြင့်၊ နေ့ရက်အပုံ၊ လွန်ခဲ့တုံပြီ။

အာရုံဝတ္ထု၊ မီးစာစုကို၊ မှုမှုရရ၊ နင်အားကျလည်း၊ ထားပြသေမင်း၊ သူ့တပ်တွင်းက၊ မငြင်းဆန့်သာ၊ နင့်ခန္ဓာသည်၊ ပြာပုံအပြီး၊ ဖြစ်လုနီးပြီ။

ရိုးတီးယားတား၊ သေ၍သွားလည်း၊ တရားမကြွယ်၊ အထုပ်ငယ်လျက်၊ အပါယ်စခန်း၊ သွားမြဲလမ်း၌၊ တပန်းဟိုက်ဟိုက်၊ တရှိုက်ငင်ငင်၊ တငြင်ငြိုငြို၊ ဆင်းရဲပိုလျက်၊ ထိုထိုဘဝ၊ အနန္တလျှင်၊ အစမဆုံး၊ အများထုံးတည့်၊ အနှုံးမပျက်၊ အောက်နရက်ဝယ်၊ တသက် နွယ်နွယ်၊ အမြစ်တွယ်ဘို့၊ အပါယ်ထိုထို၊ ဥဒဟိုသည်၊ နင်လိုလူမိုက်၊ သွားလမ်းတည်း။

## ပုတီးစိပ်နည်း

ဥပုသ်သီတင်း ကျင့်သုံးဆောက်တည်ပြီးပါက အရိယာဥပုသ်ဟု ခေါ်သော မြတ်သော ဥပုသ် ဖြစ်အောင် အာရုံပြု၍ ပုတီးစိပ်ဘို့ရန်မှာ—

## ဘုရားဂုဏ်တော်အာရုံပြု၍ပုတီးစိပ်ရန်

(၁) သောဘဂဝါ ဣတိပိ အရဟံ(ပုတီးတလုံးချရန်)

ထို ငါတို့ဆရာ မြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သောအကြောင်းကြောင့်လည်း အရဟံ-မည်တော်မူပါပေ၏။

(၂) သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊

ထို ငါတို့ဆရာ မြတ်စွာဘုရားသည် အလုံးစုံ သောတရားတို့ကို ကိုယ်တိုင်မှန်စွာသိတော်မူသောအကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ-မည်တော်မူပါပေ၏။

(၃) သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊

ထိုငါတို့ဆရာမြတ်စွာဘုရားသည်အသိဉာဏ်"ဝိဇ္ဇာ" အကျင့်"စရဏ"နှင့် ပြည့်စုံတော် မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န-မည်တော်မူပါပေ၏။

(၄) သောဘဂဝါ ဣတိပိ သုဂတော၊

ထို ငါတို့ဆရာ မြတ်စွာဘုရားသည် ကောင်းသော စကားကို ဆိုတော် မူတတ်သော အကြောင်း ကြောင့် လည်း သုဂတ-မည်တော်မူပါပေ၏။

(၅) သောဘဂဝါ ဣတိပိ လောကဝိဒူ၊

ထိုငါတို့ဆရာမြတ်စွာဘုရားသည် လောကသုံးပါးကို သိတော်မူသောအကြောင်းကြောင့်လည်း လောကဝိဒူ-မည်တော်မူပါပေ၏။

(၆) သောဘဂဝါ ဣတိပိ အနုတ္တရောပုရိသ ဒမ္မသာရထိ၊

ထို ငါတို့ဆရာ မြတ်စွာဘုရားသည် ဆုံးမ ထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ-မည်တော်မူပါပေ၏။

(၇) သောဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ၊

ထိုငါတို့ဆရာမြတ်စွာဘုရားသည် လူ့နတ်တို့၏ ဆရာ ဖြစ်တော်မူသောအကြောင်းကြောင့်လည်း သတ္ထာဒေဝ မနုဿာန-မည်တော်မူပါပေ၏။

(၈) သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊

ထို ငါတို့ဆရာ မြတ်စွာဘုရားသည် သစ္စာလေးပါး တရားတို့ကို သိတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ-မည်တော်မူပါပေ၏။

(၉) သောဘဂဝါ ဣတိပိ ဘဂဝါ၊

ထိုငါတို့ဆရာမြတ်စွာဘုရားသည် ဘုန်းတန်ခိုး ကြီး တော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ-မည် တော်မူပါပေ၏။

ဤသို့ ဖေါ်ပြပြီး ဘုရားဂုဏ်တော် များကို ပါဠိ, မြန်မာ နှစ်ဘာသာဖြင့် အာရုံပြု၍ပုတီးစိပ်ရမည်။

မြတ်စွာဘုရားဂုဏ်တော်နှင့် ပတ်သက်၍ သိသင့်သိ ထိုက်သိထားဘွယ်ရန် အနည်းငယ်ဖေါ်ပြပေအံ့။

## ဂုဏ်တော် ၂-ပါးအထူး

သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်နှင့် ဗုဒ္ဓ ဂုဏ်တော် နှစ်ပါး အထူးကား၊သမ္မာသမ္ဗုဒ္ဓဂုဏ်တော်သည် သစ္စာလေးပါး တရားတို့ကို အကြွင်းမဲ့သိတတ်သော အရဟတ္တမဂ်ဉာဏ် တည်း။

ဗုဒ္ဓ ဂုဏ်တော် သည်ကား - ဝိမောက္ခန္တိကဖြစ်သော သဗ္ဗညုတဉာဏ်တော်တည်း။

တနည်း။ ။အာသဝက္ခယဉာဏ်ဖြင့် ချီးမွမ်းခြင်းငှါ ဗုဒ္ဓ-ဟူသော ဂုဏ်တော်ကိုဆိုအပ်၏။

သဗ္ဗညုတ ဉာဏ်ဖြင့် ချီးမွမ်း ခြင်းငှါ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်ကိုဆိုအပ်၏။ (ဝိသုဒ္ဓိမဂ်ဋီကာ)

## ဝိဇ္ဇာသုံးပါး

ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်၌၊ဝိဇ္ဇာအရ ဝိဇ္ဇာသုံးပါး ဟူသည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်,အာ သဝက္ခယဉာဏ် သုံးပါးကိုဆိုလိုသည်။

## ဝိဇ္ဇာရှစ်ပါး

ဝိဇ္ဇာရှစ်ပါး-ဟူသည် ဒိဗ္ဗစက္ခုဉာဏ်, ဒိဗ္ဗသောတ ဉာဏ်, ဣဒ္ဓိဝိဓဉာဏ်, ပရစိတ္တဝိဇာနနဉာဏ်, ပုဗ္ဗေနိဝါသ ဉာဏ်, အာသဝက္ခယဉာဏ်,ဝိပဿနာဉာဏ်, မနောမယိဒ္ဓိ ဉာဏ်အားဖြင့် ရှစ်ပါးကိုဆိုလိုသည်။

## စရဏ တဆယ့်ငါးပါး

စရဏအပြားတဆယ့်ငါးပါး-ဟူသည် သီလသံဝရ ဣန္ဒြိယသံဝရ ဂုတ္တဒွါရတာ, ဘောဇနေမတ္တညုတာ,ဇာဂရိယာနုယောဂအားဖြင့် လေးပါးတရပ်မှတ်။

ရူပါဝစရဈာန်ကို စတုက္ကနည်း အားဖြင့် လေးပါး တရပ်မှတ်။

သဒ္ဓါ,သုတ,ဝီရိယ,သတိ,ပညာ, ဟိရီ, ဩတ္တပ္ပ အားဖြင့် သူတော်ကောင်းတရား ခုနစ်ပါးတရပ်မှတ်၊ ပေါင်းသော် စရဏအပြားတဆယ့်ငါးပါးဖြစ်၏ဟူလို။ (မဇ္ဈိမပဏ္ဏာသ ပါဠိတော် သေခသုတ်။)

(အကျဉ်းမှတ်သားရန်ဆောင်ပုဒ်)။ ။သုံးပါးဝိဇ္ဇာ၊ ပု,ဒိ,အာတည့်၊ ဝိဇ္ဇာရှစ်ဝ၊ ရိ,မ,စေ,ဒိ၊ ပု,ဒိ,ဣဒ်,အာ, တဖြာနှိုင်းချိန်၊ သီ,ဣန်,ဘော,ဇာ,၊ သဒ္ဓမ္မာသတ်၊ လေးမှတ်ရူပ၊ ပဉ်ဒသ၊ စရဏဟုမှတ်။

---

## တရားဂုဏ်တော်ကို အာရုံပြု၍ ပုတီးစိပ်ရန်

(၁) သွာက္ခာတော ဘဂဝတာ ဓမ္မော၊

မြတ်စွာဘုရား ကောင်းစွာ ဟောထား အပ် သော တရားတော်ပါပေတည်း။

(၂) သန္ဒိဋ္ဌိကော ဓမ္မော၊

ကိုယ်တိုင်သိမြင်နိုင်သောတရားတော်ပါပေတည်း။

(၃) အကာလိကော ဓမ္မော၊

အခါမလင့် အကျိုးပေးသော တရားတော် ပါပေတည်း။

(၄) ဧဟိပဿိကော ဓမ္မော၊

လာလှည့်, ရှုလှည့်ဟု ဆောင်ပြ ထိုက်သော တရား တော်ပါပေတည်း။

(၅) ဩပနေယျိကော ဓမ္မော၊

မိမိ၏ကိုယ်ထဲ,စိတ်ထဲ၌ ဆောင်ယူ ထားထိုက်သော တရားတော်ပါပေတည်း။

(၆) ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိဓမ္မော၊

အရိယာပညာရှိတို့သာ ကိုယ်စီကိုယ်၌ သိနိုင်,ခံစား နိုင်သော တရားတော်ပါပေတည်း။

ဤသို့ တရားတော်၏ ဂုဏ်ကို ပါဠိ,မြန်မာ နှစ်ဘာ သာဖြင့် အာရုံပြု၍ ပုတီးစိပ်ရမည်။

---

## သံဃဂုဏ်တော်ကို အာရုံပြု၍ ပုတီးစိပ်ရန်

(၁) သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
(ပုတီးတလုံးချရန်)

မြတ်စွာဘုရား၏ တပည့်သား သံဃာ တော် သည် ကောင်းမြတ်သော အကျင့်ရှိတော်မူပါပေ၏။

(၂) ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

မြတ်စွာဘုရား၏ တပည့်သား သံဃာ တော် သည် ဖြောင့်မတ်သောအကျင့်ရှိတော်မူပါပေ၏။

(၃) ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

မြတ်စွာဘုရား၏ တပည့်သား သံဃာ တော် သည် မှန်ကန်သော အကျင့်ရှိတော်မူပါပေ၏။

(၄) သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

မြတ်စွာဘုရား၏ တပည့်သား သံဃာ တော်သည် လျော်ကန်သင့်မြတ် ရှိသေအပ်သော အကျင့် ရှိတော်မူပါပေ၏။

(၅) အာဟုနေယျော ဘဂဝတော သာဝကသံဃော၊

မြတ်စွာဘုရား၏ တပည့်သား သံဃာ တော်သည် အရပ်ဝေးမှ ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်ပါပေ၏။

(၆) ပါဟုနေယျော ဘဂဝတော သာဝကသံဃော၊

မြတ်စွာဘုရား၏ တပည့်သား သံဃာ တော်သည် ဧည့်သည်တို့အလို့ငှါ စီမံထားသောဝတ္ထုကိုသော်လည်း ခံထိုက်ပါပေ၏။

(၇) ဒက္ခိဏေယျော ဘဂဝတော သာဝကသံဃော၊

မြတ်စွာဘုရား၏ တပည့်သား သံဃာ တော် သည် တမလွန်အတွက် ရည်မျှော်သော အလှူကို ခံတော်မူထိုက်ပါပေ၏။

(၈) အဉ္ဇလိကရဏီယော ဘဂဝတော သာဝကသံဃော၊

မြတ်စွာဘုရား၏ တပည်သား သံဃာ တော်သည် လူမင်း, နတ်မင်း, ဗြဟ္မာမင်း တို့၏ လက်အုပ်ချီခြင်းငှါ ထိုက်ပါပေ၏။

(၉) အနုတ္တရံ ပုညက္ခေတ္တံ လောကဿ ဘဂဝတော သာဝကသံဃော၊

မြတ်စွာဘုရား၏ တပည့်သား သံဃာ တော် သည် သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်ပါပေ၏။

ဤသို့ သံဃာတော်၏ ဂုဏ်ကို ပါဠိ, မြန်မာ နှစ်ဘာသာဖြင့် အာရုံပြု၍ ပုတီးစိပ်ရမည်။

---

## မိမိ ကျင့်သုံးအပ်သောသီလ၌ ဆင်ခြင်အောက်မေ့ရန် သီလာနုဿတိကမ္မဋ္ဌာန်း

(၁) အဟောဝတ မေ သီလာနိ အခဏ္ဍာနိ၊

အစ၌ဖြစ်စေ၊ အဆုံး၌ဖြစ်စေ တခုမျှ မပျက်သောကြောင့် ကျိုးခြင်း, ပြတ်ခြင်း မရှိသော ငါ၏ သီလ တို့သည် ကောင်းလေစွတကား။

(၂) အဟောဝတ မေ သီလာနိ အစ္ဆိဒ္ဒါနိ၊

အလယ်၌ တခုမျှ မပျက်သောကြောင့် ပေါက်ခြင်း, ထွင်းခြင်း မရှိသော ငါ၏ သီလတို့သည် ကောင်းလေစွတကား။

(၃) အဟောဝတ မေ သီလာနိ အသဗလာနိ၊

အစဉ် အတိုင်း နှစ်ခု, သုံးခု မပျက် သော ကြောင့် ကြောင်ခြင်း,ကျားခြင်း မရှိသော ငါ၏ သီလ တို့သည် ကောင်းလေစွတကား။

(၄) အဟောဝတ မေ သီလာနိ အကမ္မာသာနိ၊

အကြား အကြား၌ တခုမျှ မပျက် သော ကြောင့် ပြောက်ခြင်း, ကွက်ခြင်း မရှိသော ငါ၏ သီလတို့သည် ကောင်းလေစွတကား။

(၅) အဟောဝတ မေ သီလာနိ ဘုဇိဿာနိ၊

တဏှာ၏ကျွန်အဖြစ်မှ လွတ်စေ၍ တော်လှန်ကောင်း မြတ်သော သူ၏အဖြစ်ကို ပြုတတ်သော ငါ၏ သီလတို့ သည် ကောင်းလေစွတကား။

(၆) အဟောဝတ မေ သီလာနိ ဝိညုပသတ္ထာနိ၊

ဘုရားအစရှိသော ပညာရှိတို့ ချီးမွမ်းအပ်သော ငါ၏ သီလတို့သည် ကောင်းလေစွတကား။

(၇) အဟောဝတ မေ သီလာနိ အပရာမဋ္ဌာနိ၊

ဤမည်သော အပြစ်ရှိ၏ဟူ၍ငင်း၊ တဏှာဒိဋ္ဌိတို့ဖြင့် ငင်း မသုံးသပ်အပ်သော ငါ၏ သီလတို့သည် ကောင်း လေစွတကား။

(၈) အဟောဝတ မေ သီလာနိ သမာဓိသံဝတ္တနိ ကာနိ၊

"ဥပစာရသမာဓိ, အပ္ပနာသမာဓိ, မဂ္ဂသမာဓိ, ဖလ သမာဓိ"တို့ကို ဖြစ်စေတတ်သော ငါ၏ သီလတို့သည် ကောင်းလေစွတကား။

ငါးပါးသီလ,ရှစ်ပါး, ဆယ်ပါး သီလတို့ကို ဆောက် တည်ပြီးလျှင် မိမိတို့ ဆောက်တည်အပ်သော သီလကို ဤသို့ အဖန် တလဲလဲ အောက်မေ့ ဆင်ခြင်ကာ နေရ ပေမည်။

## ကာယဂတာသတိ ကမ္မဋ္ဌာန်း

အဋ္ဌိ, ဋ္ဌမသိမ္မိ,ကာယေ၊ ကေသာ,လောမာ, နခါ, ဒန္တာ,တစော၊ မံသံ,နှာရု, အဋ္ဌိ, အဋ္ဌိမိဉ္ဇံ,ဝက္ကံ၊ ဟဒယံ,

ယကနံ့, ကိလောမကံ, ပိဟကံ, ပပ္ဖါသံ၊ အန္တံ, အန္တဂုဏံ, ဥဒရိယံ, ကရီသံ,မတ္ထလုင်္ဂံ ၊ ပိတ္တံ,သေမှံ, ပုဗ္ဗော,လောဟိတံ,သေဒေါ,မေဒေါ၊ အဿု,ဝသာ,ခေဠော, သိင်္ဃာဏိကာ,လသိကာ,မုတ္တံ။ (အနုလောမပါဠိတော်)

မုတ္တံ,လသိကာ,သိင်္ဃာဏိကာ, ခေဠော,ဝသာ,အဿု၊ မေဒေါ, သေဒေါ, လောဟိတံ, ပုဗ္ဗော, သေမှံ, ပိတ္တံ၊ မတ္ထလုင်္ဂံ, ကရီသံ, ဥဒရိယံ, အန္တဂုဏံ, အန္တံ၊ ပပ္ဖါသံ, ပိဟကံ,ကိလောမကံ,ယကနံ,ဟဒယံ၊ ဝက္ကံ,အဋ္ဌိမိဉ္ဇံ,အဋ္ဌိ, နှာရု, မံသံ၊ တစော, ဒန္တာ, နခါ, လောမာ, ကေသာ။ (ပဋိလောမပါဠိတော်)

## နှလုံးသွင်းဆင်ခြင်ရန် မြန်မာပြန်

ဤခန္ဓာကိုယ်၌ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေထူ၊ အရေပါး၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊အဆုပ်၊အူမ၊ အူသိမ်၊အစာသစ်၊အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ပြည်၊သွေး၊ချွေး၊အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။ (အနုလုံ။)

ကျင်ငယ်၊ အစေး၊ နှပ်၊ တံတွေး၊ဆီကြည်၊ မျက်ရည်၊ အဆီခဲ၊ ချွေး၊ သွေး၊ပြည်၊သလိပ်၊သည်းခြေ၊ ဦးနှောက်၊ အစာဟောင်း၊အစာသစ်၊ အူသိမ်၊အူမ၊ အဆုပ်၊အဖျင်း၊ အမြှေး၊ အသည်း၊ နှလုံး၊ အညှို၊ ရိုးတွင်းခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေထူ၊ အရေပါး၊ သွား၊ လက်သည်း၊ ခြေသည်း၊ မွေးညှင်း၊ ဆံပင်။ (ပဋိလုံ)

## ဒွတ္တိံသကို ခေါတ်သဘာဝဖြင့် ခွဲ၍ဆင်ခြင်ရန်

### ပထဝီဓာတ်-၂၀

ကက္ခဠလက္ခဏာ ပထဝီဓာတု

ခိုင်မာသောလက္ခဏာ,ကြမ်းတန်းသောအခြင်းအရာသည် ပထဝီဓာတ် မည်၏။ (မြေဓာတ်မည်၏)

ဆံပင်-ပထဝီ၊ မွေးညှင်း-ပထဝီ၊ ခြေသည်း, လက်လည်း-ပထဝီ၊ သွား-ပထဝီ၊ အရေထူ, အရေပါး-ပထဝီ၊ အသား-ပထဝီ၊ အကြော-ပထဝီ၊ အရိုး-ပထဝီ၊ ရိုးတွင်းခြင်ဆီ-ပထဝီ၊ အညှို့-ပထဝီ၊ နှလုံး-ပထဝီ၊ အသည်း-ပထဝီ၊ အမြှေး-ပထဝီ၊ အဖျဉ်း-ပထဝီ၊ အဆုပ်-ပထဝီ၊ အူမ-ပထဝီ၊ အူသိမ်-ပထဝီ၊ အစာသစ်-ပထဝီ၊ အစာဟောင်း-ပထဝီ၊ ဦးနှောက်-ပထဝီ။ အားဖြင့် (ပထဝီဓာတ်-၂၀)

### အာပေါဓာတ် ၁၂-ပါး

ပဂ္ဃရဏလက္ခဏာ အာပေါဓာတု

ယိုစီးခြင်းလက္ခဏာ, စေးဖွဲ့သော အခြင်းအရာသည် အာပေါဓာတ်မည်၏။ (ရေဓာတ်မည်၏)

သည်းခြေ-အာပေါ၊ သလိပ် - အာပေါ၊ ပြည်-အာပေါ၊ ချွေး-အာပေါ၊ အဆီခဲ-အာပေါ၊ မျက်ရည်-အာပေါ၊ ဆီကြည်-အာပေါ၊ တံတွေး-အာပေါ၊ နှပ်-အာပေါ၊အစေး-အာပေါ၊ကျင်ငယ်-အာပေါ။အားဖြင့်, (အာပေါဓာတ် ၁၂-ပါး)

## တေဇောဓာတ် ၄-ပါး

ဥဏှတ္တလက္ခဏာ တေဇောဓာတု

ခိုးရှိန် ပူအေးသောလက္ခဏာ,ရင့်ကျက်သောအခြင်းအရာသည် တေဇောဓာတ်မည်။ (မီးဓာတ်မည်၏)

တေဇောဓာတ်သည်—

၁။ သန္တပ္ပနတေဇော–ရက်ချန့်ဖျားခြင်းစသည်ဖြင့် နွေးနွေးပူသော အပူပျက်။

၂။ ဇိရဏတေဇော–အင်္ဂါ ကြီးငယ် တို့၏ အိုမင်းခြင်း, ရင့်ရော်ခြင်းကိုဖြစ်စေသောကိုယ်ငွေ့။

၃။ ဒဟတေဇော – အစာဟောင်းတို့ကို ပြင်းစွာ ပူလောင်သော အပူပျက်။

၄။ ပါစကတေဇော – အစာသစ်တို့ကို ကျက်စေ, ကြေစေသောဝမ်းမီး။အားဖြင့်(ဘေဇောဓာတ်၄-ပါး)

## ဝါယောဓာတ် ၆-ပါး

ဝိတ္ထမ္ဘနလက္ခဏာ ဝါယောဓာတု

ထောက်ပံ့ ခိုင်စေခြင်း လက္ခဏာ, လှုပ် ရှား သော အခြင်းအရာသည် ဝါယောဓာတ် မည်၏။ (လေဓာတ် မည်၏)

ဝါယောဓာတ်သည်—

၁။ ဥဒ္ဓင်္ဂမဝါယော - အထက်သို့ ဆန်တက်သော လေ။

၂။ အဓောဂမဝါယော - အောက်သို့စုံဆင်းသော လေ။

၃။ ကုစ္ဆိသယဝါယော - ဝမ်းခေါင်း၌တည်သော လေ။

၄။ ကောဋ္ဌာသဝါယော-အူ့ခွင်၌တည်သောလေ။

၅။ အင်္ဂမင်္ဂါနုသာရိဝါယော - အင်္ဂါကြီး ငယ် တကိုယ်လုံး အနှံ့အပြန့် လျှောက်သောလေ။

၆။ အဿာသ,ပဿာသဝါယော — ထွက် သက်, ဝင် သက် လေ။ အားဖြင့် (ဝါယောခေါတ် ၆-ပါး)

ဤသို့ ရှေးဦးစွာ ၃၂-ပါးသော အစု အဝေး ကို အပြန်ပြန်အလှန်လှန်ပွားများပြီးလျှင် ပညတ်ပျောက်၍ ပရမတ္ထတရားထင်ရှားလာအောင် (အတ္တ၊မိမိကိုယ် ဟူသော အမှတ်သညာပျောက်၍။ အနတ္တ၊မိမိကိုယ်မဟုတ် ခေါတ်လေးပါးအစုအဝေးဟူသော အမှတ်သညာရောက် အောင်) ခေါတ်လေးပါးဖြင့် ခွဲခြား၍ဆင်ခြင်ရပေမည်။

---

## အဘိဏှသုတ်

ဗုဒ္ဓဘာသာသူတော်စင်များ နေ့,ညဥ့်မပြတ်ဆင်ခြင် ဘို့ရန် အဘိဏှသုတ်ဒေသနာကို ဆက်လက်ခါ ရေးပါ ဦးအံ့။

ပဥ္စိမာနိ ဘိက္ခဝေ ဌာနာနိ အဘိဏှံ
ပစ္စဝေက္ခိ တဗ္ဗာနိ၊ ဇရတ္ထိယာဝါ ပုရိသေနဝါ
ဂဟဋ္ဌေနဝါ ပဗ္ဗဇိတေနဝါ။

ခန္ဓာ, အာယတန, ခေါတ် ဓမ္မတို့ မ ပြတ် ဖြစ် ရာ သံသရာမှ လွတ်မြောက်ရန်လိုလား ချစ်သား, ချစ်သမီး

အပေါင်းတို့၊ ဤအကြောင်းတရား ငါးပါးတို့ကို မိန်းမ ဖြစ်စေ, ယောကျ်ားဖြစ်စေ, လူဖြစ်စေ, ရဟန်းဖြစ်စေ, (မမေ့ မလျော့သော သတိတရားဖြင့်) နေ့,ည၌ မပြတ် (အမြဲမပြတ်) ဆင်ခြင်ကြရကုန်မည်။

"ကတမာနိ ပဉ္စ" အကြောင်းတရား ၅-ပါး တို့ဟူသည် အဘယ်နည်း။

(၁) ဇရာဓမ္မောမှိ၊ ဇရံ အနတီတော အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

အိုခြင်းသဘောတရား ငါ့မှာ ရှိ၏၊ အိုခြင်းသဘော တရားကို ငါ မလွန်ဆန်နိုင်ပါချေဟု နေ့, ည၌ မပြတ် (ဉာဏ်သက်ဝင်၍) ဆင်ခြင်ရမည်။

(၂) ဗျာဓိဓမ္မောမှိ၊ ဗျာဓိံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

နာခြင်းသဘောတရား ငါ့မှာရှိ၏၊ နာခြင်းသဘော တရားကို ငါ မလွန်ဆန်နိုင် ပါ ချေ ဟု နေ့,ည၌ မပြတ် (ဉာဏ်သက်ဝင်၍) ဆင်ခြင်ရမည်။

(၃) မရဏဓမ္မောမှိ၊ မရဏံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

သေခြင်းသဘောတရား ငါ့မှာရှိ၏၊ သေခြင်းသဘော တရားကို ငါမလွန်ဆန်နိုင်ပါချေ ဟု နေ့,ည၌ မပြတ် (ဉာဏ်သက်ဝင်၍) ဆင်ခြင်ရမည်။

(၄) သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာ ဘာဝေါ ဝိနာဘာဝေါ ဘဝိဿတီတိ အဘိဏှံ ပစ္စ ဝေက္ခိတဗ္ဗံ။

ငါ၏ ချစ်အပ်, မြတ်နိုးအပ်သော အဆွေခင်ပွန်း, အဆွေအမျိုး,ချစ်ကျွမ်းဝင်သောသူတို့နှင့် အရပ်တပါး သို့ပြောင်းရွှေ့သွားသဖြင့် ရှင်ကွဲ,ကွဲရခြင်း၊ ဘဝတပါး သို့ပြောင်းရွှေ့သွားသဖြင့် သေကွဲ,ကွဲရခြင်းသည် (မုချ မသွေ) ဖြစ်ရချေမည်ဟု နေ့,ညဥ့်မပြတ် (ဉာဏ်သက်ဝင် ၍) ဆင်ခြင်ရမည်။

(၅) ကမ္မဿကောမှိ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပဋိသရဏော၊ ယံ ကမ္မံ ကရိဿာမိ ကလျာဏံဝါ ပါပကံဝါ၊ တဿ ဒါယာဒေါ ဘဝိဿာမီတိ အဘိဏှံ ပစ္စ ဝေက္ခိတဗ္ဗံ။

ငါမှာ ကုသိုလ်ကံ,အကုသိုလ်ကံသာလျှင် မိမိဥစ္စာရှိ၏၊ ကုသိုလ်ကံ,အကုသိုလ်ကံသာလျှင် အမွေခံရှိ၏၊ ကုသိုလ် ကံ, အကုသိုလ်ကံသာလျှင် အကြောင်းရင်းရှိပေ၏၊ ကုသိုလ်ကံ,အကုသိုလ်ကံသာလျှင် အဆွေအမျိုးရှိပေ၏၊ ကုသိုလ်ကံ,အကုသိုလ်ကံသာလျှင် ကိုးကွယ်မှီခိုရာ ရှိပေ ၏၊ အကြင်ကောင်းမှု ကုသိုလ်ကံ,မကောင်းမှုအကုသိုလ် ကံကို ငါပြုမိသည်ဖြစ်အံ့၊ ငါပြုခဲ့မိသော ကောင်းမှု, မကောင်းမှု ဖြစ်သော ထိုကုသိုလ်ကံ, အကုသိုလ်ကံ၏ ကောင်းသော, ဆိုးသော အမွေကိုခံရမည်မှာ ဓမ္မတာ သဘောပင်တည်းဟု နေ့,ညဥ့်မပြတ် (ဉာဏ်သက်ဝင်၍) ဆင်ခြင်ရမည်။

ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စဋ္ဌာနာနိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ ဣတ္ထိယာဝါ ပုရိသေနဝါ ဂဟဋ္ဌေနဝါ ပဗ္ဗဇိတေနဝါ။

ခန္ဓာ, အာယတန, ဓာတ်ဓမ္မတို့ မပြတ်ဖြစ်ရာသံသရာမှ လွတ်မြောက်ရန်လိုလားချစ်သား, ချစ်သမီးအပေါင်းတို့၊ ဤ အကြောင်းတရား ငါးပါး တို့ကို မိန်းမ ဖြစ်စေ, ယောကျ်ား ဖြစ်စေ, လူဖြစ်စေ, ရဟန်းဖြစ်စေ (မမေ့ မလျော့သော သတိတရားဖြင့်) နေ့,ညဉ့် မပြတ် (အမြဲ မပြတ်) ဉာဏ်သက်ဝင်၍ဆင်ခြင်ရမည်။

(ဆောင်) အိုခြင်းတဖြာ၊ နာခြင်းတထွေ၊ သေခြင်း တခြား၊ ကွဲပြားတတန်၊ ကံလျှင်ဥစ္စာ၊ ဤငါးဖြာကို၊ မကွာနေ့ည၊ ဉာဏ်သက်ဝင်၍ဆင်ခြင်ကြ။

---

## လူတိုင်းလိုက်နာရန်

ပညာရှိပေါင်း၊ သူမြတ်လောင်းတို့၊ လမ်းကြောင်း ကျင့်နည်း၊ နိဿရည်းကို၊ ဆည်းဆည်းပူးပူး၊ ဘုရားဖူး သို့၊ ကြားဘူးနားဝ၊ သုတလောကင်၊ ပြည့်စုံလျှံအောင်၊ နာခံမှတ်သား၊ သင်ကြားကြံမေး၊ ဆွေးနွေးဆောင်ပြု၊ ရတိုင်းစုလော့။

ပျော်မှုလိုက်စား၊ မလိုလားနှင့်၊ မပွားသုတ၊ မရ ကောင်းမှု၊ မစုဥစ္စာ၊ နွား,ပမာလျှင်၊ ချမ်းသာနည်းပါး၊ မကောင်းစားဘူး။

တရားမြင်သိ၊ ပညာရှိနှင့်၊ ကြိုက်ဘိကြုံတွေ့၊ တနေ့ တရက်၊ တနံနက်မျှ၊ ဒေါသမစွန်း၊ ကျေးဇူးထွန်း၏။

---

## နိဂုမ်း

ရတနာ သုံးပါး အပေါင်းနှင့် ဆရာသမား တို့အား ဦးထိပ်ထား၍ရေးသားအပ်သော"ဥပုသ်သည်-ကြေးမုံ" ဟူသော ကျမ်းစာအုပ်သည် အတိတ် သာသနာတော်နှစ် (၂၅၁၂)ခုနှစ်၊အနာဂတ်သာသနာတော်နှစ်(၂၄၈၈)ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၃၀) ခုနှစ်၊ ဂိမန္တဥတု ဝါဆိုလဆန်း(၄)ရက်၊သောကြာနေ့ နံနက်(၁၀)နာရီ အချိန်တွင် အန္တရာယ်ကင်း ဘေးရန်ရှင်းခါ ရေးသား၍ ပြီးဆုံးခြင်းသို့ရောက်သတည်း။

---

## ဆုတောင်း

ဣမိနာ ပုညကမ္မေန နိဗ္ဗာနံ သီဃံ ပပ္ပေါမိ။

"ဥပုသ်သည်-ကြေးမုံ"အမည်ရှိသော ကျမ်းစာအုပ်ကို ဂန္ထန္တရ အဖြာဖြာမှ ရှာဖွေ ရေးသား၍ ဓမ္မဒါနဝေငှရသော ဤ ကုသိုလ်ကံ စေတနာကြောင့် ဇာတိ, ဇရာ, ဗျာဓိ, မရဏ ဘေးဒုက္ခ အပေါင်း တို့၏ ကင်းဝေးရာ ပြည်ခေမာ အမတသို့ လျင်မြန်ထုတ်ချောက် ရောက်ရပါလို၏။

သီဃံ အပတ္တော နိဗ္ဗုတ္တဘဝေ တိက္ခဂမ္ဘီရာ
ဒီဃာ ဉာဏေဟိ သမ္ပန္နောဟံ ဘဝါမိ။

အကျွန်ုပ်သည် ဒုက္ခအပေါင်း ကင်းဝေးရာ ပြည်ခေမာသို့ မရောက်ရသေးသည်ရှိသော် ဖြစ်လေရာဌာန ဘုံဘဝ၌ ထက်မြက်နက်နဲခြင်း စသော ဉာဏ်ပညာတို့နှင့် ပြည့်စုံရပါလို၏။

## အမျှဝေ

ဣဒံ မေ ပုညဘာဂံ သဗ္ဗ သတ္တာနံ ဘာဇေမ။

အကျွန်ုပ်၏ "ဥပုသ်သည်-ကြေးမုံ" ဟူသော စာအုပ်ကို ရေးသားဝေငှ ဓမ္မဒါန ပြုရသော ဤကုသိုလ်ကောင်းမှု အဘို့စုကို ကြွင်းမဲ့ ဥဿုံ အလုံးစုံကုန်သော လူ, နတ်, ဗြဟ္မာ, သတ္တဝါ အပေါင်းတို့အား အမျှပေးဝေငှပါကုန်၏။

---

## မေတ္တာပို့

သဗ္ဗေ သတ္တာ၊

အကျွန်ုပ် ပေးဝေ လိုက်သော အမျှ ကုသိုလ် အဖို့အစုတို့ကို ရကြကုန်သော အလုံးစုံသော သတ္တဝါတို့သည်ရင်း။

သဗ္ဗေ ဒေဝါ၊

ကိုယ်စောင့်နတ်များ အစထား၍ အလုံး စုံသော သမ္မာဒေဝ နတ်ကောင်း, နတ်မြတ် အ ပေါင်း တို့သည်ရင်း။

သုခိတာ ဟောထ၊

ကိုယ် စိတ် နှစ် ဖြာ ကျန်းမာ ချမ်းသာ ကြပါစေ။

ဒုက္ခာ မုစ္စထ၊

ဆင်းရဲအပေါင်းမှ လွတ်မြောက်ကြပါစေ။

မာကိဉ္စိ ပါပမာဂမာ၊

စာစုံတခု မကောင်းမှု ပါပ အကုသိုလ်ဟူသမျှတို့သို့ မရောက်ကြပါစေကုန်လင့်။

---

## ပညာရှိ သတိပြုဘွယ်

ယုတ္တာယုတ္တံ ဝိစိန္တေယျ၊
ယုတ္တံ ဂဏှေယျ ပညဝါ။
အယုတ္တံ စေ ဝိသဇ္ဇေယျ၊
မာန ဒေါသ နစကရေ။

ပညဝါ၊ တွေးဆမြော်မြင် ပညာရှင်သည်။ ယုတ္တာယုတ္တံ၊ မှန်, မမှန် သင့်, မသင့်ကို။ ပဌမံ၊ ရှေးဦးစွာ။ ဝိစိန္တေယျ၊ စူးစမ်းဆင်ခြင်ရာ၏။ ယုတ္တံ၊ သင့်သောအရာဌာနသည်။ စေဟောတိ၊ အကယ်၍ဖြစ်ငြားအံ့။ ဂဏှေယျ၊ ယူရာ၏။ အယုတ္တံ၊ မသင့်သော အရာဌာနသည်။ စေဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။ ဝိသဇ္ဇေယျ၊ ပယ်စွန့်ရာ၏။ မာန ဒေါသံ၊ မာနဒေါသ တရားကို၊ နစကရေ၊ မပြုရာ။

---

# ဥပုသ်သည်ကြေးမုံ

## နောက်ဆက်တွဲ

### သားသမီးကျင့်ဝတ် ၅-ပါး

၁။ အမိ,အဖ တို့ကို လုပ်ကျွေးမွေးမြူရခြင်း။
၂။ အမိ,အဖတို့၏ အမှုကိစ္စကို ပြုလုပ်၍ပေးရခြင်း။
၃။ အမျိုးအနွယ်ကို မပျက်စီးအောင်စောင့်ရှောက်ရခြင်း။

၄။ အမွေခံထိုက်အောင် အမိ အဖတို့၏ အဆုံးအမကို ကျင့်ကြံ လိုက်နာရခြင်း။

၅။ ကွဲ ကွာ သေ-လွန်လေပြီးသော အမိ အဖတို့၏ အလှိုင့်ါ အလှူ ဒါန ပြုလုပ်၍ အမျှ အတန်း ပေးဝေရခြင်း။

(ဆောင်) ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေး မျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဘွယ်သားတို့တာ။

---

## မိဘ ကျင့်ဝတ် ၅-ပါး

၁။ သားသမီးတို့ကို မကောင်းမှု ဟူသမျှတို့မှ တားမြစ်ရခြင်း။

၂။ ကောင်းသော အမှုကိစ္စ၌ သက်ဝင်စေရခြင်း။

၃။ အတတ်ပညာကို သင်ကြားစေရခြင်း။

၄။ သင့်လျော်လျောက်ပတ်သော ဇနီး ခင်ပွန်းနှင့် ထိမ်းမြားပေးရခြင်း။

၅။ သင့်လျော်လျောက်ပတ်သော အချိန်၌ အမွေ ဥစ္စာကို အပ်နှင်းရခြင်း။

(ဆောင်) မကောင်းမြစ်တား၊ ကောင်းရာ ညွှန်လတ်၊ အတတ် သင်စေ၊ ပေး ဝေ နှီး ရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင် မယ်တို့တာ။

## တပည့်ကျင့်ဝတ် ၅-ပါး

၁။ နေရာမှထ၍ ခရီးဦး ကြိုဆိုရခြင်း။
၂။ ဆရာ၏ထံပါး၌ ခစား ဆည်းကပ်ရခြင်း။
၃။ ဆရာ ဆိုဆုံးမသော စကားကို ရိုသေစွာနာယူရခြင်း။
၄။ ဆရာသမားကို ရိုသေစွာလုပ်ကျွေးရခြင်း။
၅။ အတတ်ပညာကို ရိုသေစွာ သင်ကြား လေ့ကျက်သင်ယူရခြင်း။

(ဆောင်) ညီညာထကြို၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်,တွေး,အံ ရွတ်၊ တပည့် ဝတ်၊ မချွတ် ငါးခုသာ။

---

## ဆရာ ကျင့်ဝတ် ၅-ပါး

၁။ ကောင်းစွာဆုံးမသင့်သောအရာကိုဆုံးမရခြင်း၊
၂။ ကောင်းစွာ သင်သင့်သော အရာကို သင်စေရခြင်း။
၃။ အလုံးစုံသော အတတ် ပညာကို ပြောကြား သင်ကြားရခြင်း။
၄။ ကောင်းသော အဆွေခင်ပွန်းတို့ထံ၌ အပ်နှင်းရခြင်း။
၅။ ခပ်သိမ်းသောအရပ်တို့၌ အစောင့်အရှောက်ကို ပြုရခြင်း။

(ဆောင်) အတတ် လည်းသင်၊ ပဲ့ပြင် ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ ကျင့် ဘို့ ဝတ်ငါးဖြာ။

## လင်ကျင့်ဝတ် ၅-ပါး

၁။ မိမိဇနီးကို အမြတ်တနိုးခေါ်ဆိုရခြင်း။

၂။ နှိမ့်ချ၍မခေါ်ဆိုရခြင်း။

၃။ မိမိဇနီးကိုလွန်၍ အခြားမိန်းမတို့၌ မပျော်ပါးရခြင်း။

၄။ စဖိုဆောင် (မီးဖိုချောင်) အုပ်စိုးမှုကို လွှဲအပ်ရခြင်း။

၅။ အဝတ်တန်ဆာကို ဆင်မြန်း၍ပေးရခြင်း။

(ဆောင်) မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင်လင်ကျင့်ရာ။

---

## မယားကျင့်ဝတ် ၅-ပါး

၁။ အမှုကြီးငယ်ကိုလည်း ကောင်းစွာပြုပြင် စီရင်ရခြင်း။

၂။ နှစ်ဘက်သော ဆွေမျိုး သားချင်း ကို လည်း ချီးမြှောက်ထောက်ပံ့ရခြင်း။

၃။ မိမိလင်ယောကျ်ားမှတပါးအခြားယောကျ်ား၌ လွန်ကျူးသောအကျင့်မှကင်းရခြင်း။

၄။ ရှာဖွေ စုဆောင်းခဲ့သော ဥစ္စာကို မယို့မဖိတ်၊ မလေ လွင့်အောင် ထိန်းသိမ်း စောင့် ရှောက်ရခြင်း။

၅။ အလုံးစုံသောအမှုကိစ္စတို့၌လိမ္မာ၍ ပျင်းရိခြင်းမှ ကင်းရခြင်း။

(ဆောင်) အိမ်တွင်း မှုလုပ်၊ သိမ်းထုပ် သေချာ၊ မိတ္တာကြည်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမှု၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ။

---

## မိတ်ဆွေကျင့်ဝတ် ၅-ပါး

၁။ ပေးကမ်းစွန့်ကြဲချီးမြှင့်ရခြင်း။
၂။ ချစ်ဖွယ်သောစကားကို ပြောဆိုရခြင်း။
၃။ အကျိုးစီးပွားကို ကျင့်ဆောင်ရခြင်း။
၄။ မိမိနှင့်ထပ်တူညီမျှ ဆက်ဆံရခြင်း။
၅။ မချွတ်မယွင်း ပြောဆိုပေးကမ်းရခြင်း။

(ဆောင်) ပေးကမ်း ချီးမြှင့်၊ ကိုယ်နှင့် ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေမိတ်သဟာ။

---

## အရှင်ကျင့်ဝတ် ၅-ပါး

၁။ ခွန်အားအလျောက်သာ အလုပ်ကိစ္စကိုခိုင်းစေရခြင်း။
၂။ ထမင်းရိက္ခာပေးရခြင်း။
၃။ မကျန်းမာ သော အခါ ဆေးဝါးကုသ ပြုစုရခြင်း။
၄။ ထူး ဆန်း သော အရသာ များကို ခွဲဝေပေးရခြင်း။
၅။ အခါအားလျော်စွာ အားလပ်ခွင့် ပေးရခြင်း၊ အဝတ်တန်ဆာ စသည်ပေးကမ်းရခြင်း။

(ဆောင်) ဝစ္စာကျွေး‌မွေး၊ ပြုရေးစီရင်၊ နာသျှင်ကုစေ၊ ငှဝေရသာ၊ အခါကိုလွှတ်၊ အရှင်ဝတ်၊ မချွတ်ငါးခုသာ။

အလုပ်သမား သူရင်းငှါး ကျင့်ဝတ် ၅-ပါး

၁။ အရှင်၏ရှေးဦးစွာ အိပ်ရာမှ ထလေ့ရှိရခြင်း။
၂။ အရှင်အိပ်ပြီးသည်မှနောက်၌အိပ်လေ့ရှိရခြင်း။
၃။ အရှင်ပေးသည်ကိုသာ ယူလေ့ရှိရခြင်း။
၄။ အမှုကိစ္စဟူသမျှကို ကောင်းစွာ ပြုလုပ်ရခြင်း။
၅။ အရှင်၏ဂုဏ်ကျေးဇူးသတင်းကိုဆောင်ရခြင်း။

(ဆောင်) အိပ်သော် နောက် ကျ၊ ထသော်ကားရှေး၊ ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်၊ ငါးချက်ကျွန်ကျင့်ရာ။

ရဟန်းကျင့်ဝတ် ၆-ပါး

၁။ မကောင်းမှုမှ တားမြစ်ရခြင်း။
၂။ ကုသိုလ်ကောင်းမှု၌ သက်ဝင်စေရခြင်း။
၃။ ကောင်းသောစိတ်ဖြင့် စောင့်ရှောက်ရခြင်း။
၄။ မကြားဘူးသော တရားစကားကို ဟောကြားရခြင်း။
၅။ ကြားဘူးပြီးသော တရား စကားကို ဖြူစင်စေရခြင်း။
၆။ နတ်ရွာခရီးကို ပြောကြားရခြင်း။

(ဆောင်) မကောင်း မြစ်တား၊ ကောင်းရာ ညွှန်လစ်၊ အသစ် ဟောကြူး၊ နာဘူး ထပ်မံ၊ နတ်ထံ တင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခုလွှန်သချာ။

## ဒါယကာကျင့်ဝတ် ၅-ပါး

၁။ မေတ္တာနှင့်ယှဉ်သော ကာယကံမှုရှိရခြင်း။
၂။ မေတ္တာနှင့်ယှဉ်သော ဝစီကံမှုရှိရခြင်း။
၃။ မေတ္တာနှင့်ယှဉ်သော မနောကံမှုရှိရခြင်း။
၄။ အမြဲမပြတ်လှူဒါန်းလိုသော အလောဘတံခါးကို ဖွင့်၍ထားရခြင်း။
၅။ ဆွမ်းစသော အာမိသတို့ကို ပေးလှူရခြင်း။

(ဆောင်) မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ကြင်၊ ခင်မင် နူတ်ချို၊ လိုလျှင်ဖိတ်ထား၊ တတ်အား လှူစေ၊ ဝတ်ငါးထွေ၊ ပြုလေဒါယကာ။

(ဆောင်) ကျမ်းသိဂ်ါလ၊ သုတ်ဝယ်ပြ၊ သုံးဝမြတ်ဆရာ။ ကျင့်ဝတ်မပြေ၊ ပါယ်လေးထွေ၊ လားလေ ရှည်မြင့်ကြာ။ ဤသည့်ဝတ်ကုန်၊ ဆွေမျိုးစုံ၊ ခြောက်ဘုံတက်နတ်ရွာ။

လှည်းဘီးပြင်က၊ နွားစောင့်ချသို့၊ မိ၊ဘနှင့်သား၊ မယားနှင့်လင်၊ အရှင်နှင့်ကျွန်၊ ထေရ်မွန်တကာ၊ မိတ်သဟာနှင့်၊ ဆရာ၊တပည့်၊ တည့်တည့်မချွတ်၊ ကျင့်ဝတ်စုံလင်၊ ဖြူသန့်စင်မူ၊ ရှင်လည်းမကွေ၊ သေလည်းမကွာ၊ နတ်ရွာလှူပြည်၊ လှည့်လည်အတူ၊ ခံစားမူ၍၊ နိဗ္ဗူရွှေပြည်၊ ဝင်အံ့သည်တည့်၊ မတည်ကျင့်ဝတ်၊ ချွတ်သူတို့မှာ၊ မလွတ်သာသည်၊ လေးရွာသို့လုံးလုံး လူဖြစ်ရှုံး။

**ဥပုသ်သည်ကြေးမုံ-နောက်ဆက်တွဲပြီး၏။**

**ဥပုသ်သည်ကြေးမုံ-အလုံးစုံပြီး၏။**

# ဥပုသ်သည် ကြေးမုံ

ပင်မဖြန့်ချိရေးဌာန

★

ဆန္ဒသံဂါယနာမှု ဗိဋကတ်တော်များ ကိုယ်စားလှယ်

ပညာရောင်ခြည်-စာပေဌာန

## ကိုတင်အောင်-မခင်နု

ကိုးထပ်ကြီးဘုရား၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

●

(ပထမအကြိမ်ပုံနှိပ်ခြင်း)


ဘာသာရေးဆိုင်ရာ စာပေပုံနှိပ်ထုတ်ဝေခွင့်ပြုလက်မှတ်

အမှတ်(၃၅၆၀)

ထုတ်ဝေသူ—ဒေါ်ခင်နု (မှတ်ပုံတင်အမှတ်"မြဲ"-၀၂၄

ပညာရောင်ခြည် စာပေဌာန

ကိုးထပ်ကြီးဘုရား-ဗားကရာလမ်း၊ ကြည့်မြင်တိုင်-ရန်ကုန်

ပုံနှိပ်သူ—ဦးကြီးမောင်(မှတ်ပုံတင်အမှတ်"မြဲ"၀၂၄၀)

ခေတ်-စာပုံနှိပ်လုပ်ငန်း

အမှတ်-၉၀၊ ကွမ်းရုံတန်း၊ ကြည့်မြင်တိုင်။